မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ်(၃၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato' Seri Dr. Ahmad Zahid bin Hamidi ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းစိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato' Seri Dr. Ahmad Zahid bin Hamidi ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Mazlan Muhammad လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး **Dato' Seri Dr. Ahmad Zahid bin Hamidi** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး **Dato' Seri Dr. Ahmad Zahid bin Hamidi** ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၇ ရက်)

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်၏အင်အား မှန်ကန်စွာစုစည်းဆောင်ရွက် ဒေသခံပြည်သူများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်

ဧရာဝတီတိုင်း မြို့နယ်ခုနစ်မြို့နယ်တွင် လေဘောဒဏ်ခံစားခဲ့ရသော နယ်မြေဒေသများ၌ နိုင်ငံတော်အစိုးရသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များ၏အင်အားနှင့်ပေါင်းစု၍ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။

အထူးသဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးနိုင်ခဲ့၍ ကာလတိုအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် နောင်အခါ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက ထိရောက်စွာ အကာအကွယ်ပြု အသုံးချနိုင်ရန် အသက်ကယ်ကုန်းမြင့်များ၊ Cyclone Shelter များ၊ အသက်ကယ်ကုန်းမြင့်အဖြစ် အသုံးပြုနိုင်သည့် လမ်းကွန်ရက်ကြီး၁၀ခုကို တည်ဆောက်ပေးခဲ့ရာ ဒေသတွင်း ဆက်သွယ်သွားလာမှု ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

အိမ်သစ်များဆောက်လုပ်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ဆောက်လုပ်ပေးခြင်းတို့ကြောင့် လူနေမှုအဆင့်အတန်းမြင့်မားလာခဲ့ရပြီး ပျက်စီးသွားသော ကျေးရွာများကို နေရာသစ်များ၌ ရွာသစ် ပြန်လည်တည်ထောင်ပေးခဲ့ပေသည်။ ယင်းကဲ့သို့ ကြီးမားကျယ်ပြန့်သောလုပ်ငန်းကို နိုင်ငံတော်နှင့်အတူ တစ်နိုင်ငံလုံးရှိ ပြည်သူများသည် အမျိုးသားရေးခံယူချက်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်၏အင်အားတို့ကို စုစည်းပေါင်းစပ်၍ ဆောင်ရွက်နိုင်ခဲ့သဖြင့် တစ်နှစ်အတွင်း မုန်တိုင်းသင့်ဒေသများသည် ပုံမှန်အနေအထားသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်မည်ဆိုသည့် ခံယူချက်ကို အရင်းခံ၍ ညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် လေဘောဒဏ်ခံခဲ့ရသောဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဖိဖိစီးစီးဖြင့် ဆောင်ရွက်နိုင်သကဲ့သို့ နိုင်ငံတော်၏စေတနာမေတ္တာ အမြော်အမြင်ကြီးမားမှုကို ဒေသခံပြည်သူများ နားလည်သိရှိပြီး မိမိတို့၏ဒေသ ပြန်လည်ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယမေနဉယျာဉ်မြို့တော်၌ စာကြည့်တိုက်ဖွင့် စာအုပ်စာစောင်များဖြည့်တင်းရေး ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက် ယုဇနဉယျာဉ်မြို့တော်တွင် နိုဝင်ဘာ ၁ရက်က (စီ)ဘလောက်မိသားစု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပသည်။

*ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌကိုယ်စား မြို့နယ်အတွင်းရေးမှူး ဦးသက်ဇင်ဦး၊ စာကြည့်တိုက်ကော်မတီဉက္ကဋ္ဌ ဦးအေးပိုင်၊ ဒုတိယဉက္ကဋ္ဌ ဦးငွေလှိုင်နှင့် အတွင်းရေးမှူး ဦးစိန်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)***

ထို့နောက် စာအုပ်စာစောင်နှင့် ငွေလှူဒါန်းသည့် အလှူရှင်များအား မြို့နယ်အတွင်းရေးမှူးနှင့် စာကြည့်တိုက်ကော်မတီဝင်များက ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှင်သန်နိုင်မာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး စာဖတ်ပရိသတ်ဖြင့် လစဉ်စာအုပ်စာစောင်များ ဖြည့်တင်းနိုင်ရေးအတွက် ကော်မတီဝင်များနှင့် တက်ရောက်လာသူများက ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၇-၁၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **ကျွန်တော်နှင့် ဘဲရုပ်ဆိုး** (အပိုင်း-၂၁)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၃၉)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄:၃၀	၅။	မျိုးချစ်တပ်မတော်
၄:၃၅	၆။	အမျိုးသားရေးတေးကဗျာ
၅:၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	လျှပ်တစ်ပြက်
၆:၃၀	၁၂။	စားဖိုဆောင်ချစ်သူ
၆:၄၅	၁၃။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲက ပန်းတစ်ပွင့်** (အပိုင်း-၁၆)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်စတား
	၂၀။	အင်္ဂလိပ်စာသုတ (English Usage)
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ဆိုသောအရာ** (အပိုင်း-၂၁)

ပြည် စက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

ပြည်စက်မှုလက်မှုသိပ္ပံ ကျောင်းသူ ကျောင်းသားများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် Royal Rose Restaurant (တော်ဝင်နှင်းဆီ) အမှတ်၂၂၁-၂၂၃ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၀-၀၄၅၂၅၊ ဦးလှဆွေ ဖုန်း-၀၉-၅၁-၃၂၇၁၄၊ ဦးအောင်မိုး ဖုန်း-၀၉-၅၁-၅၃၉၉၅၊ ဒေါ်ဆွေဆွေဦး ဖုန်း-၀၉-၅၁-၀၉၄၉၈၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၁-၈၈၄၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်နှင့် ပတ်ဝန်းကျင်သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၀ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

ယခင် မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး M.E.H.S နှင့် အထက(၁)ဒဂုံကျောင်းတွင် ၁၉၅၄ခုနှစ်မှ ၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူများ ပြန်လည်ဆုံစည်း၍ ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၆ရက်(စနေနေ့) နံနက် ၉ နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိ ခန်းမ၌ ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်မောင်-ဖုန်း-၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀၀-၈၇၅၀၊ ဦးထူးအောင်ကြီး ဖုန်း-၀၉-၅၁၂-၁၈၁၈၊ ဒေါ်ထားချို ဖုန်း-၅၃၄၇၈၀၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉-၅၀၉-၄၆၆၅၊ ဒေါ်တင်မေလွင် ဖုန်း-၅၅၄၀၃၉၊ ဒေါ်ခင်သန်းမူ ဖုန်း-၀၉-၅၀၆-၈၅၆၄၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံ၊ ဒေါ်ဝေမာဝင်း ဖုန်း-၀၉-၈၀-၃၂၂၂၁၊ ဒေါ်စန်းစန်း ဖုန်း-၀၉-၅၀၁-၇၁၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

မီးသတိပြု

ရန်ကုန်ယူနိုက်တက်အသင်း မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ ငွေလှူဒါန်း၊ နေ့လယ်စာကျွေးမွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်ယူနိုက်တက် အသင်းသည် နိုဝင်ဘာ ၄ရက် နံနက်ပိုင်းက အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ သွားရောက်၍ ငွေလှူဒါန်းခြင်းနှင့် နေ့လယ်စာကျွေးမွေးလှူဒါန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ ရန်ကုန်ယူနိုက်တက်အသင်းဉက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် အသင်းတာဝန်ရှိသူများ၊ နည်းပြနှင့် ကစားသမားများ တက်ရောက်ခဲ့ကြပြီး အလှူငွေကျပ် ၁၁၅၇၀၀၀၀ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ၎င်းတို့အသင်းမှ ဖွင့်လှစ်ရောင်းချသည့် Collector's Shop ဆိုင်မှ အမြတ်ငွေများ၊ Exclusive Member ကြေးနှင့် ကွင်းဝင်ကြေးမှရရှိသည့် ဝင်ငွေများ ပေါင်းစပ်လှူဒါန်းခြင်းဖြစ်ပြီး အဆိုပါကျောင်း၏ ရေသွယ်မြောင်းနှင့် အခြားပြုပြင်တည်ဆောက်မှုများအတွက် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

အလှူငွေပေးအပ်

အလှူငွေပေးအပ်ခြင်း အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူများအား နေ့လယ်စာကျွေးမွေးခဲ့ကြရာ ရန်ကုန်ယူနိုက်တက်အသင်းအား ဆရာမများနှင့်ကျောင်းသား ကျောင်းသူများက ကျေးဇူးတင်ကြောင်းနှင့် အသင်း အောင်မြင်တိုးတက်ပါစေကြောင်း ပြောကြားသည်။ ထို့ပြင် ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် နိုဝင်ဘာ ၁ရက်ကလည်း သက်ကြီးအားကစားကလောင်ရှင်များသို့ အလှူငွေကျပ်ငါးသိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ဇနီးအား ဂုဏ်ပြုညစာတည်ခင်း

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato'Seri Dr. Ahmad Zahid bin Hamidi နှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ည ၇နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးအောင်သော်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E.Dato' Mazlan Muhammad နှင့် ဇနီး၊ စစ်သံမှူး Colonel Gan Seng Look နှင့် ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato'Seri Dr. Ahmad Zahid bin Hamidi နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato'Seri Dr. Ahmad Zahid bin Hamidi နှင့်ဇနီး Dato'Seri Hamidah bte Khamis တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေ ၄နာရီတွင် မလေးရှားဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းစိုးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးအောင်သော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dato' Mazlan Muhammad နှင့် ဇနီး၊ စစ်သံမှူး Colonel Gan Seng Look နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၃၃)ထုတ်ဝေဖြန့်ချီ

ရန်ကုန် နိုဝင်ဘာ ၆



မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၃၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် သိပ္ပံစိုးမြင့်နိုင်၊ သုရဇော်၊ နောင်၊ ပျဉ်းမနားမြင့်လှိုင်၊ဖိုးရန်နိုင်(ကျောက်ကြီး)၊ မြတ်လွမ်းနောင်(ပုတီးကုန်း)တို့၏ ကဗျာများ၊ မောင်သွေးသန့်၊ မောင်ပညာကျော်၊ စိုးထက်ကျော်၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ ရဲဘော်ကျော်ဟိုး၊ ကျော်ဇင်(စာနယ်ဇင်း)၊ တက္ကသိုလ်တင်ခ၊ ကေတုနီလာ၊ စောမုံညင်း၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ခင်ဇ(စက်မှု)၊ ပါမောက္ခ ဒေါက်တာကံညွန့်၊ ပြည့်စုံ(သွေးသောက်)၊ ဆင်ဖြူကျွန်းမြင့်သိန်းတို့၏ သုတဆောင်းပါးကဏ္ဍ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ လေးဝတီကျော်၏ နိုင်ငံတကာသုတရေးရာကဏ္ဍ၊မောင်ယော၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ပုဂံမွေးကြည်၊ မင်းသစ်ဦး၊ ထားမြတ်မာ(မြန်မာစာ)၊ မောင်မောင်အုန်း(လယ်ဝေး)၊ အောင်ရန်နိုင် (B.Sc)၊ ဗိုလ်လောင်းလွင်ဘိုဘိုအောင်တို့၏ ရသဝတ္ထုတိုကဏ္ဍ၊ မောင်ထင်၏ မြန်မာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ ဦးအေးကို(ယမုံနာ)၏ ဗုဒ္ဓဝင်ကြေးမုံဝတ္ထုတိုကဏ္ဍ၊ စမ်းတင်မာ၏ ပြဇာတ်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ ကိုစန်း(USDA)၊ တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မိဒီယာ၊ ကိုရွှေတောသားတို့၏ ဟာသကဏ္ဍ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ မောင်မောင်စန်းလွင်တို့၏ ကာတွန်းကဏ္ဍတို့ စုံလင်စွာဖော်ပြပါရှိသည်။

စာမူများ၊ ကြော်ငြာများထည့်သွင်းလိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် ၄၅၅/၄၅၇ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

TV Guide ထုတ်ဝေ ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၆

TV Guide အတွဲ ၁၊ အမှတ် ၁၈ ကို နိုဝင်ဘာ ၆ရက်တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guideတွင် MTV ရုပ်သံလိုင်း၌ ပြသမည့် အမေရိကန်ဆယ်ကျော်သက်လေးများရဲ့ အရွယ်မတိုင်ခင် အိမ်ထောင်ပြုခြင်းမှ ရရှိလာတဲ့ လူမှုဒုက္ခများအကြောင်း တင်ပြထားသည့် 16 and Pregnant အစီအစဉ်၊ Channel V ရုပ်သံလိုင်းတွင် ပြသမည့်ဖက်ရှင်နှင့် ပတ်သက်သူများ ကြည့်ရှုသင့်သည့် Stylista အစီအစဉ်၊ ESPN ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် AFC Champions League (Final) ၊ချန်ပီယံဆုအတွက် အရေးပါသည့် ချယ်လ်ဆီးနှင့် မန်ယူပွဲ၊ လီဗာပူးနှင့် ဘာမင်ဂမ်၊ တော့တင်ဟမ်နှင့် ဆန်းဒါးလန်း၊ ဟားလ်စီးတီးနှင့် စတုတ်စီးတီး၊ ဝုဗ်နှင့် အာဆင်နယ်ပွဲစဉ်များ၊ STAR SPORTS ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် NBA ပြိုင်ပွဲမှ Phoenix Sun နှင့် Boston Celtics ပွဲစဉ်၊ မန်စီးတီးနှင့် ဘန်လေပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Travel & Living ရုပ်သံလိုင်းတွင် ပြသမည့် အမေရိကကို ယခင်အတိုင်း ပြန်လည်လှပဖို့ လုပ်ဆောင်တဲ့ Restorer Guy: Grace Street Mansion အကြောင်း၊ NGC ရုပ်သံလိုင်းတွင်ပြသမည့် မြောက်ကိုရီးယားနိုင်ငံအကြောင်း၊ Discovery ရုပ်သံလိုင်းတွင် ပြသမည့် ခန္ဓာကိုယ် အပိုပါသည့် Octoman အကြောင်းနှင့် ကမ္ဘာကျော် Rock Band တစ်ခု ဖြစ်သည့် METALLICA Band ကို လေ့လာထားသည့် Time Warp အစီအစဉ်၊ Mandalay FM ရောက်တတ်ရာရာ အစီအစဉ်မှာ အရိုင်းနှင့်တွေ့ဆုံထားသည့် အကြောင်း၊ MRTV -4 တွင် ပြသမည့်FMF ၊ ခေတ်ပြိုင် ဂီတမှတ်တိုင်များ အစီအစဉ်တွင် ဗစ်တာခင်ညို၊ မက်မဆုံးတဲ့ပြက်လုံးများ အစီအစဉ်တွင် မော့စ်၊ ကုသိုလ်၊ ကင်းကောင်၊ ဗေဒါတို့ တင်ဆက်ထားသည့်အကြောင်း၊ မင်္ဂလာဆောင်ရန် အစီအစဉ်ရှိသည့် မြန်မာလူမျိုးများ လက်မလွှတ်တမ်းကြည့်သင့်သည့် ဘိသိက်သွန်း စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ အခမ်းအနား ဆင်ယင်ကျင်းပပုံ အစီအစဉ်အကြောင်းများ၊ ပါဝင်နေကျကဏ္ဍများနှင့် တစ်ပတ်စာ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်အားတစ်စောင်လျှင် ကျပ်၅၀၀ နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ် စတင်နေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွှတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်လှမင်း စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၆

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် အောက်တိုဘာ၂၉ရက်တွင် ပြည်မြို့နယ် ဆင်မကြပ်ကျေးရွာအနီး စစ်မှုထမ်းဟောင်း အိမ်ရာဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှဲပြောင်းပေးအပ်ပွဲ

မှော်ပြည်နယ် ပေါင်မြို့နယ်ရှိ ရင်းငြိမ်တိုက်နယ်ဆေးရုံဖွင့်ပွဲနှင့် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၃ရက်က ကျင်းပရာ တာဝန်ရှိသူများနှင့် ဆေးရုံအလှူရှင်ဦးမောင်မောင်အေး(အလင်္ကာဝတ်ရည်)နှင့် ဇနီးဒေါ်စန်းစန်းမြင့် (ထွန်းမြတ်အောင်ကုမ္ပဏီ)မိသားစုတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဥစ္စာ(၂)မျိုးနှင့် အရေးကြီးတဲ့စိတ်** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၃)
- ၈:၃၀ Sports World (ACE)
- ၉:၀၀ Zaw Win Htut Emperor 25th Anniversary Live Show(Part-4)
- ၁၀:၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၁:၂၅ ရာဇဝင်မြစ်ကမ်းပေါ်မှ··· နားခိုရာ
- ၁၁:၅၅ ရုပ်ရှင်မိတ်ဆက်
- ၁၂:၁၅ **စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း** ဒေါက်တာမေသူမျိုးညွှန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ချစ်သုဝေ
- ၁၂:၄၀ "တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ" (နွားမွေးမြူရေး)
- ၁:၀၀ **ဥစ္စာ(၂)မျိုးနှင့် အရေးကြီးတဲ့စိတ်** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Yuzana Bridal Show (2)
- ၃:၃၀ အဆင်းရော အချင်းပါ ပြည့်စုံတဲ့ မြစ်မင်းဧရာဝတီ စုန်ဆင်းခြင်း ခရီးတစ်ခေါက်
- ၄:၀၀ မြန်မာ့တူရိယာစည်တော်ကြီး
- ၄:၁၅ ထူးထူးခြားခြားသစ်ခေါက် ပန်းချီကား
- ၄:၃၀ ယုဇနဘက်စုံ စိုက်ပျိုးရေး စီမံကိန်း၊ စက်မှုကုန်ကြမ်း သီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
- ၄:၃၅ ရုပ်ရှင်မိတ်ဆက်
- ၄:၅၅ **စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း** ဒေါက်တာမေသူမျိုးညွှန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ
- ၅:၁၅ ရာဇဝင် မြစ်ကမ်းပေါ်မှ··· နားခိုရာ
- ၅:၄၅ လေလှိုင်းမှဖြေကြားပရိသတ်များ အမေးစကား
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ်စားမယ် (Sky View)
- ၆:၄၅ အနုပညာမိုးကောင်းကင် ပန်းသီးဝိုင် ဇာတ်ကားရိုက်ကူးနေမှုများ
- ၇:၀၀ Fashion Music Festival (Yuzana Bridal Show-(2)
- ၇:၄၅ အင်တာနက်လမ်းညွှန် (TRI Internet Cafe)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ပန်းချီပြခန်း (New Zero Art Gallery သင်တန်းသားများ၏ သင်တန်းဆင်း လက်ရာများ)
- ၈:၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **စာများများဖတ်ပါ** သတ္တိ၊ မိုးဟေမာန်ခင်၊ ဆောင်းအိန္ဒြေထွန်း၊ ဒေါ်အောင်မြင့်ကြည်၊ ခေါ်လေး [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
- ၉:၀၅ ဘိသိက်သွန်းစုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ အခမ်းအနား ဆင်ယင်ကျင်းပပုံ
- ၉:၂၅ Barclays Premier League (Man City Vs Burnley)
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၃)
- ၁၁:၅၅ Barclays Premier League (Wolverhampton Vs Arsenal)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Spurs-Sunderland	ESPN (Live)
	Man City-Burnley	STAR SPORTS (Live)
၁၁:၅၅	Wolverhampton -Arsenal	ESPN (Live)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် နိုဝင်ဘာလအတွက်

(၈-၁၁-၂၀၀၉ ရက်နေ့)

နှင့်

(၂၉-၁၁-၂၀၀၉ ရက်နေ့)

ကွမ်ကျိုးမြို့ (၁၀၆)ကြိမ်မြောက် ကုန်စည်ပြပွဲ

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပသည့် (၁၀၆)ကြိမ်မြောက် ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲ၏ ပြခန်းတစ်နေရာကို နိုဝင်ဘာ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန်တပ်စခန်းအဖြစ် ပြောင်းလဲနေကြောင်း အစ္စရေးစွပ်စွဲချက် ဗင်နီဇွဲလားလက်မခံပယ်ချ

ကရာကတ်စ် နိုဝင်ဘာ ၆

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် သူ့နိုင်ငံကို အီရန်တပ်စခန်းတစ်ခုအဖြစ်သို့ ပြောင်းလဲပစ်နေသည်ဟု အစ္စရေး ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒါနီအလာယွန်၏ စွပ်စွဲပြောကြားချက်ကို ဗင်နီဇွဲလားနိုင်ငံက နိုဝင်ဘာ ၄ရက်၌ လက်မခံဘဲ ငြင်းဆိုလိုက်သည်။

အစ္စရေးဒုတိယ နိုင်ငံခြားရေးဝန်ကြီး၏ ယင်းပြောကြားချက်ကို မိမိတို့ လက်မခံကြောင်း ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ငြင်းဆိုသည်။ ယင်းပြောကြားချက်များသည် ဗင်နီဇွဲလားပြည်သူတို့အား နှောက်ထပ်စော်ကားလိုက်ခြင်းပင် ဖြစ်သည်ဟုလည်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ရိုင်းပျ

အစ္စရေးဒုတိယ နိုင်ငံခြားရေးဝန်ကြီး၏ ထိုပြောကြားချက်များသည် ရိုင်းပျသည့်သဘောထားကို နှောက်ထပ်ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း၊ ဗင်နီဇွဲလားနိုင်ငံအရေးကို ဝင်ရောက်စွက်ဖက်စော်ကားခြင်းလည်းဖြစ်ကြောင်း၊ ပစိဖိတ်ပြည်သူများနှင့် အစိုးရများကို ဗင်နီဇွဲလား နည်းတူစော်ကားလိုက်ခြင်းပင်ဖြစ်ကြောင်း ယင်း ဗင်နီဇွဲလားနိုင်ငံခြားရေး ဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြထားသည်။

ဖော်ပြ

အစ္စရေးအစိုးရအနေဖြင့် လက်တင်အမေရိကနိုင်ငံများကို အစွန်အဖျားတပ်စခန်းဟု မပြောသင့်ကြောင်း၊ အမေရိကန်ပြည်ထောင်စုပြီးလျှင် အစ္စရေးနိုင်ငံသည် ထိုဒေသနိုင်ငံများသို့ လက်နက်များ၊ နည်းပညာအကြံပေးမှုများနှင့် ကြေးစားတပ်ဖွဲ့ဝင်များ ပေးပို့နေသည့်အပြင် အိမ်နီးချင်း ကိုလံဘီယာနိုင်ငံ၌ အဖျက်လုပ်ငန်းမူဝါဒများ တင်ပို့သွတ်သွင်းနေသည့် နိုင်ငံလည်းဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီး၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

တရုတ်၌ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ ယခုနှစ်အတွင်းမြင့်တက်ခဲ့

ပေကျင်း နိုဝင်ဘာ ၆

တရုတ်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏသည် ယခုနှစ်ပထမ ကိုးလအတွင်း၌ ယခင်နှစ် အလားတူကာလကနှင့်နှိုင်းစာလျှင် မြင့်တက်လာကြောင်း၊ ယင်းမှာ နှစ်အလိုက် တစ်ရာခိုင်နှုန်း တိုးတက်မှုရှိကြောင်း နိုဝင်ဘာ ၅ရက်တွင် သက်ဆိုင်ရာရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများနှင့်ရင်ဆိုင်နေရသဖြင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျနေသည့်ကြားမှပင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် ယခုနှစ် ပထမသုံးလပတ်အတွင်း၌ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း ၎င်းနိုင်ငံ၏ ထိပ်တန်း စီးပွားရေးစီမံကိန်း အေဂျင်စီမှ တာဝန်ရှိသူက ပြောကြားသည်။ နိုင်ငံတကာမှ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်အတွက် တရုတ်နိုင်ငံ စီးပွားရေးအဖွဲ့အစည်းမှ တာဝန်ယူလုပ်ဆောင်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲကို နိုဝင်ဘာ ၃ရက်က တရုတ်၌ နှစ်ရက်ကြာ ဖွင့်လှစ်ပြသခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

မောင်းသူမဲ့လေယာဉ်တိုက်ခိုက် လေးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

အစ္စလမ္မာဘတ် နိုဝင်ဘာ ၆

အမေရိကန်ပြည်ထောင်စု၏ မောင်းသူမဲ့လေယာဉ်တစ်စင်း ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန် လူမျိုးစုများ နေထိုင်ရာသို့ နိုဝင်ဘာ ၄ရက်ညက တိုက်ခိုက်ရာ လေးဦးထက်မနည်း သေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိသွားကြောင်း ပါကစ္စတန် ရုပ်မြင်သံကြားလိုင်းက နိုဝင်ဘာ ၅ရက်၌ ထုတ်လွှင့်ကြေညာသည်။

ကြေညာ

သေဆုံးဒဏ်ရာရရှိသူများ၏ အမည်ကို အတိအကျမသိရသေးသော်လည်း ဒဏ်ရာရရှိသူများအား ဆေးဝါးကုသရန် ဆေးရုံသို့တင်ပို့လိုက်ရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ပြောကြား

အဆိုပါဒေသတွင် မောင်းသူမဲ့လေယာဉ် ပျံသန်းမှုများရှိနေဆဲဖြစ်ပြီး ဒေသခံပြည်သူများ ထိတ်လန့်တကြား ဖြစ်နေကြဆဲရှိကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။ ***(အင်တာနက်)***

နိုင်းမြစ်ရေ ခွဲဝေအသုံးပြုရေး အီဂျစ်နှင့်ယူဂန္ဓာတို့ ဆွေးနွေး

ကမ်ပါလာ နိုဝင်ဘာ ၆

အီဂျစ်နှင့် ယူဂန္ဓာနှစ်နိုင်ငံတို့သည် နိုင်းမြစ်ရေကိုခွဲဝေ အသုံးပြုရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများကို ပြန်လည်စတင်လိုက်ကြောင်း ယူဂန္ဓာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အီဂျစ်အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၆ရက်၌ ပြောကြားသည်။

ပြန်လည်စတင်

ယခင်ဆွေးနွေးပွဲများ၌ နိုင်းမြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံများနှင့် သဘောတူညီမှုရရှိရန် ပျက်ပြားခဲ့ရပြီး နောက်ပိုင်းတွင် ယခုကဲ့သို့ ဆွေးနွေးပွဲများကို ပြန်လည်စတင်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

သဘောတူညီ

နိုင်းမြစ်ရေနှင့်စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ကို အတည်ပြုရန်အတွက် အီဂျစ်ကျွမ်းကျင်ပညာရှင်များကို ယူဂန္ဓာနိုင်ငံသို့ စေလွှတ်ထားကြောင်းနှင့် အဆိုပါ သဘောတူညီချက်အပေါ် ၉၈ရာခိုင်နှုန်းခန့် သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန အာဖရိကရေးရာဌာနမှ ဒုတိယဝန်ကြီး မိုနာအိုမာက ပြောကြားသည်။ **(အင်တာနက်)**

ယူကရိန်းမှတစ်ဆင့် အီးယူသို့ ပို့လွှတ်နေသောဓာတ်ငွေ့ ရုရှား ပြန်လည်ပို့လွှတ်ပေးသွားမည်

ကီယက်ဗ် နိုဝင်ဘာ ၆

ယူကရိန်းနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီ နက်ဖ်တိုဂတ်စ်သည် ရုရှားဓာတ်ငွေ့များအတွက် ပေးဆောင်ရမည့် ငွေများပေးချေသွားမည်ဖြစ်ကြောင်း ယူကရိန်းစွမ်းအင်ဝန်ကြီး ယူရီပရိဒန်က ထုတ်ဖော်ပြောကြားသည်။

တိုက်တွန်း

ရုရှားအစိုးရက ယူကရိန်းအစိုးရနှင့် ဖြစ်ပွားသော သဘာဝဓာတ်ငွေ့နှင့် စပ်လျဉ်းသည့် ပြဿနာရပ်အပေါ် မကြာသေးမီက သတိပေးပြောကြားခဲ့ပြီး ဥရောပသမဂ္ဂ (အီးယူ) အနေဖြင့် ယူကရိန်းအစိုးရသို့ ငွေကြေးထောက်ပံ့ အကူအညီပေးရန် တိုက်တွန်းခဲ့သည်။

ပို့လွှတ်

အီးယူ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက် လေးပုံတစ်ပုံကို ရုရှား အစိုးရက ထောက်ပံ့ပေးနေခြင်းဖြစ်ပြီး ယူကရိန်းပိုက်လိုင်းမှ ၈၀ ရာခိုင်နှုန်း ဖြတ်သန်း ပို့လွှတ်ပေးလျက်ရှိသည်။

ဖြတ်တောက်

ရုရှားအစိုးရအနေဖြင့် ယူကရိန်းသို့ဖြတ်သန်း၍ သဘာဝဓာတ်ငွေ့ပို့လွှတ်နေခြင်းကို ငွေကြေးနှင့် အကူးအပြောင်း ဝန်ဆောင်ခများအပေါ် အငြင်းပွားမှုများကြောင့် ဇန်နဝါရီလအတွင်း၌ သီတင်းနှစ်ပတ်ကြာ ဖြတ်တောက်ထားခဲ့သည်။ (အင်တာနက်)

၂၀၁၀ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို ကြိုဆိုသောအားဖြင့် ကနေဒါနိုင်ငံ အော့တာဝါမြို့တွင် လာဘ်ကောင်အရုပ်လေးများဖြင့် သရုပ်ဖော် ပြသထားသည်ကို နိုဝင်ဘာ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာရုပ်ရှင်ပွဲတော် ဘရာဇီး၌ ကျင်းပ

ဘရာဆီးလီးယား နိုဝင်ဘာ ၆

(၁၁)ကြိမ်မြောက် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်(အက်ဖ်အိုင်စီ)ကို ဘရာဇီးနိုင်ငံမြို့တော် ဘရာဆီးလီးယားတွင် နိုဝင်ဘာ ၄ ရက်က စတင်ကျင်းပခဲ့သည်ဟု သတင်းရရှိသည်။

ပြသသွားမည်

ယင်းရုပ်ရှင်ပွဲတော်သို့ နိုင်ငံပေါင်း ၃၀မှ ရုပ်ရှင်ကားပေါင်း ၉၀ နီးပါးကို နိုဝင်ဘာ ၁၅ရက်အထိ ပြသသွားမည်ဖြစ်ကြောင်းဖြင့်လည်း သိရသည်။ (အင်တာနက်)

မော်တော်ကားစက်ရုံ

ဂျာမနီနိုင်ငံ စတုဂတ်မြို့ရှိ မော်တော်ကားထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို နိုဝင်ဘာ ၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နီကာရာဂွာနိုင်ငံ အရှေ့ပိုင်း ကွန်းကျွန်းစုဒေသ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဘလူးဖီးလ်မြို့ ဆိပ်ကမ်းတွင် သင်္ဘောများပျက်စီးနေသည်ကို နိုဝင်ဘာ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် စုစည်းသည်

အမေရိကန်စစ်အခြေစိုက်စခန်း၌ ပစ်ခတ်မှုဖြစ်ပွား၍ ၁၂ ဦးသေဆုံး

အမေရိကန်နိုင်ငံ တက်ဆက်ပြည်နယ်ရှိ စစ်အခြေစိုက်စခန်း၌ နိုဝင်ဘာ ၆ရက် မွန်းလွဲ ၁နာရီခွဲခန့်က ပစ်ခတ်မှုဖြစ်ပွားရာ ၁၂ဦးသေဆုံးပြီး ၃၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ခုနစ်ဦးမှာ အရပ်သားများဖြစ်ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

တရုတ်တောင်ပိုင်းကမ်းလွန်၌ သင်္ဘောနှစ်စင်းတိုက်မိ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ကမ်းလွန်၌ နိုဝင်ဘာ ၆ ရက်က ကူးတို့သင်္ဘောတစ်စင်းနှင့် ကုန်တင်သင်္ဘောတစ်စင်းတို့တိုက်မိခဲ့ရာ ကူးတို့သင်္ဘောမှ နယ်သာလန် ကမ္ဘာလှည့်ခရီးသွားနှစ်ဦး သေဆုံးခဲ့ပြီး အချို့ပျောက်ဆုံးလျက်ရှိကြောင်း၊ ခရီးသည် ၇၅ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယိုကိုဟားမားမြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် နိုဝင်ဘာ ၆ရက်က သေနတ်သမားတစ်ဦး ပစ်ခတ်မှုကြောင့် အရပ်သားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂျပန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပါကစ္စတန်တောင်ပိုင်း၌ ဓာတုစက်ရုံ မီးလောင်

ပါကစ္စတန်နိုင်ငံတောင်ပိုင်း လန်ဒီစက်မှုဇုန်တွင် နိုဝင်ဘာ ၆ရက်က ဓာတုပစ္စည်းထုတ်လုပ်သည့် စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ အရေးပေါ် မီးငြိမ်းသတ်ခဲ့ရကြောင်း၊ စက်ရုံအစိတ်အပိုင်းအများအပြား ပျက်စီးခဲ့ကြောင်း ပါကစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

တောင်ကိုရီးယား၌ A(H1 N1)ဖြင့် သေဆုံးသူ ၄၈ ဦးရှိ

တောင်ကိုရီးယားနိုင်ငံ ချောင်ချွန်ပြည်နယ်တွင် နိုဝင်ဘာ ၆ရက်က နှစ်နှစ်သား အရွယ်ကလေးငယ်တစ်ဦး A(H1 N1)ရောဂါဖြင့်သေဆုံးခဲ့ရာ တောင်ကိုရီးယားနိုင်ငံ၌ ယင်းရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၄၈ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနမှ သတင်းထုတ်ပြန်သည်။

ဂရိကုန်တင်သင်္ဘောအား ဆိုမာလီပင်လယ်ဓားပြများအပိုင်စီး

မြေထဲပင်လယ်မှ ကင်ညာနိုင်ငံ မွမ်ဘာဆာမြို့သို့ နိုဝင်ဘာ ၆ရက်က မောင်းနှင်လာသော ဂရိကုန်တင်သင်္ဘောတစ်စင်းအား ဆိုမာလီ ပင်လယ်ဓားပြများ အပိုင်စီးသွားခဲ့ကြောင်း ဂရိနိုင်ငံအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးအနည်းငယ်ပြန်မြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းမှာ အနည်းငယ် ပြန်လည်မြင့်တက်လျက်ရှိရာ တရုတ်ဈေးကွက်၌ နိုဝင်ဘာ၆ရက် ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၀၉၂ ဒသမ ၇၀ဒေါ်လာအထိ ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

၂၀၁၀ခုနှစ်၌ တောင်ကိုရီးယားက ဂြိုဟ်တုလွှတ်တင်မည်

တောင်ကိုရီးယားနိုင်ငံက လာမည့်၂၀၁၀ခုနှစ် မတ်လတွင် ပင်လယ်သမုဒ္ဒရာတို့၏ ရေမျက်နှာပြင်အနေအထားကို စောင့်ကြည့်လေ့လာမည့် ဆက်သွယ်ရေးဂြိုဟ်တု တစ်လုံးကို လွှတ်တင်မည်ဖြစ်ကြောင်း၊ ယင်းဂြိုဟ်တုကို ကမ္ဘာမြေမှ ကီလိုမီတာ ၃၆၀၀၀အကွာ အာကာသအတွင်း လွှတ်တင်ထားမည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံ ပညာရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာဝန်ကြီးဌာနက နိုဝင်ဘာ ၆ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ) (အင်တာနက်)

မြတ်ဆရာပူဇော်

၁၉၇၃-၁၉၇၉ ခုနှစ် မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်(ရန်ကုန်)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် ဘွဲ့ရနှစ်(၃၀)ပြည့် ပုလဲရတု မိတ်ဆုံစားပွဲကို အောက်တိုဘာ၂၅ရက်က **M-3 Food Centre** ၌ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သာယာဝတီမြို့နယ် မီးသတ်စခန်းကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် အောက်တိုဘာ ၂၂ ရက်တွင် သာယာဝတီမြို့နယ် မီးသတ်စခန်း၌ ပင်မမီးသတ်စခန်းပြုပြင်ဆောက်လုပ်မှု၊ ဝန်ထမ်းနေအိမ် လိုင်းခန်းသစ်များ ဆောက်လုပ်မှု၊ မီးသတ်ယာဉ်စက်များကြံ့ခိုင်မှု၊ တပ်ဖွဲ့ဝင်များ စည်းကမ်းသေဝပ်မှုနှင့် လေ့ကျင့်ရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် သုံးဆယ်မြို့နယ်ရှိ သာခွေးစု၊ ကုန်းမီးနင်း၊ မကျည်းကွင်း၊ ချောင်းသုံးခွ၊ ကျွဲခြံအင်းနှင့် ကျွန်းကုန်းများရှိ အရန်မီးသတ်တပ်ဖွဲ့အတွက် တူညီဝတ်စုံများနှင့် အလှူငွေများ၊ စာသင်ကျောင်းများအတွက် အလှူငွေများ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုဝင်ဘာ ၁ရက်က ကင်ဆာရောဂါနှင့် ပတ်သက်သော အသိပညာဆွေးနွေးပွဲကို ရန်ကုန်မြို့ အမှတ်(၃၆၅/၃၆၇)ဗိုလ်အောင်ကျော်လမ်း အထက်ဘလောက်(**IHBC**)၌ ကျင်းပရာ ကင်ဆာအထူးကု သမားတော်ကြီး ပါမောက္ခ ဒေါက်တာဦးစိုးအောင်၊ အသည်းအထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာဦးသံစစ်၊ စင်ကာပူနိုင်ငံမှ အထူးကုတို့က ကင်ဆာများအကြောင်း၊ ကင်ဆာရောဂါနှင့်ပတ်သက်၍ သတိပြုအလေးထားနိုင်ရန်နှင့် နောက်ဆုံးပေါ်ကုသမှုများကို ဆွေးနွေးစဉ်။ (ကျန်းမာရေး)

စောင့်ကြည့်(News Watch) ယခုအပတ်ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၆

ယခုအပတ် စောင့်ကြည့်(News Watch)ဂျာနယ် အတွဲ၅၊ အမှတ်၁၅တွင် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် တွေ့ဆုံဆွေးနွေးသည့် သတင်းနှင့်အတူ အထူးအချပ်ပိုပါဝင်သည်။

၂၀၁၀မှာ မြန်မာပြည်စာနယ်ဇင်းများ၌ မည်သည့်အရက်၊ စီးကရက်မှ မကြော်ငြာရ၊ သုံးနှစ်ခွဲအရွယ် ကလေးငယ်တစ်ယောက် ငါးလွှာတိုက်မှပြုတ်ကျ၊ ဗုဒ္ဓဘာသာစာမေးပွဲ ပထမကြီးတန်းမှာ မြန်မာတစ်နိုင်ငံလုံး ပထမရရှိသည်က ကိုရီးယားသီလရှင်တစ်ဦးဖြစ်၊ မိုဘိုင်းလ်ဖုန်းသုံးစွဲသူများအတွက် ဥပဒေ၊ စင်ကာပူမှာ ပညာသင်လိုသူများအတွက် ပညာသင်ထောက်ပံ့ရေးအစီအစဉ်၊ ရန်ကုန်တွင် ကြွပ်ကြွပ်အိတ်မသုံးရတော့၊ CDMA အထိုင်ဖုန်းများထွက်ရှိမည်၊ သတ္တုတွင်းလုပ်ငန်းများကို ပုဂ္ဂလိကလက်သို့လွှဲမည်၊ ဂျာနယ်တွေ ပြည်သူယုံကြည်အောင် ရေးကြဖို့လို၊ ပိုက်ဆံရရင်ပြီးရော လုပ်နေကြတဲ့ဆရာဝန်တွေ၊ တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်မယ့် ထွန်းအိန္ဒြာဗို၊ အမေရိကားမှာ သီချင်းဆိုမယ့် အိန္ဒြာကျော်ဇင်၊ ယခုနှစ် ဗီဇာဟိန်းဖြစ်သွားတဲ့ တန်ဆောင်တိုင်၊ အင်္ဂလိပ်စာ တစ်ပိုင်းတစ်စရေးမှ ခေတ်မီတယ်ထင်ကြတဲ့ မြန်မာစာနယ်ဇင်းတွေ၊ တရုတ်စာ တရုတ်စကား၊ စောင့်ကြည့်ရမယ့် ပရီမီယာလိဂ် စသည့် သတင်းများပါဝင်သည်။

အပျော်တမ်းသမားများနှင့် အမေရိက၊ အမေရိကန်နှင့် ရုရှား လက်တွဲမလား၊ အီရန်နျူကလီးယားကိစ္စ၊ အီရတ်နှင့်အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယားရှိ ထိုင်းသံအမတ်ကို ပြန်ခေါ်၊ နိုင်ငံတကာက စောင့်ကြည့်ရမယ့် ထိပ်သီးများ စသည့် နိုင်ငံတကာရေးရာနှင့် အသက် ၁၁၂နှစ်အဘိုးအိုနှင့် လက်ထပ်တဲ့ ဆယ်ကျော်သက်မိန်းကလေး စတဲ့ ထူးဆန်းထွေလာ စသည်တို့စုံလင်စွာပါရှိသည့် စောင့်ကြည့်(News Watch)ဂျာနယ် ထွက်နေပြီဖြစ်သည်။

(သတင်းစဉ်)

ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲနှင့် ဒုတိယအကြိမ် စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ၃၁ရက်က ဗဟန်းမြို့နယ် အောင်မြေသာယာကျောင်းတိုက်၌ ကျင်းပရာ အသင်းအမှုဆောင် ကိုကိုလင်းမောင်က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားပြီး ဥက္ကဋ္ဌဦးစိုးအောင်က အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ၂၀၀၉ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲကို ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ကြကြောင်းသိရသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

ပန်းတဉ်းတန်းအသင်း စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်းအသင်းက ကြီးမှူး၍ (၆၈)ကြိမ်မြောက် စုပေါင်းလှူဒါန်းလှည့်လည်ပွဲ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၁၀ရက်(အင်္ဂါနေ့)တွင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘောဂ၊ ပန်းလှိုင်၊ ဆေး/ငြိမ်း၊ သီရိမင်္ဂလာဈေး၊ ထီးတန်း၊ ဈေးကလေး၊ ရိပ်သာ၊ ကမ်းနားဈေး၊ မကျည်းတန်း၊ သာခု၊ ဈေးကြီး၊ အိုးဘိုရပ်ကွက်များသို့လည်းကောင်း၊ နိုဝင်ဘာ ၁၁ရက်(ဗုဒ္ဓဟူးနေ့)တွင် စမ်းချောင်းမြို့နယ်အတွင်းရှိ လင်းလွန်း တောင်/မြောက်၊ မုန့်လက်ဆောင်းကုန်း၊ ရှင်စောပု၊ သီရိခေမာ၊ အောင်ချမ်းသာ၊ ပန်းလှိုင်ဘူတာ၊ ပန်းလှိုင်အိမ်ရာ၊ ရပ်ကွက်များသို့လည်းကောင်း စည်ကားသိုက်မြိုက်စွာ လှည့်လည်ပွဲကျင်းပမည်ဖြစ်ပြီး အသင်းဓမ္မာရုံသို့ လှူဒါန်းမှုအစုစုပို့ဆောင်ခြင်းကို နိုဝင်ဘာ ၂၅ရက်(ဗုဒ္ဓဟူးနေ့) ညနေတွင် ကျင်းပ၍ စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၂၇ရက်(သောကြာနေ့) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(၁၃၅)

မူးယစ်ကင်းစင် အလှဆင်

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ဆော်ဒါပါဝင်သော အချိုရည်များကို သောက်သုံးခြင်းဖြင့် ကျောက်ကပ်ရောဂါများဖြစ်ပွားနိုင်ဟုဆို

ဆော်ဒါပါဝင်သာ အချိုရည် ပုလင်းများနှင့် ဘူးများကို သောက်သုံးမှုများပါက ကျောက်ကပ်ရောဂါ ဖြစ်ပွားနိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံ ပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

သောက်သုံး

တစ်နေ့လျှင် နှစ်ကြိမ်ခန့်ဆော်ဒါပါဝင်သော အချိုရည်များကို သောက်သုံးလေ့ရှိပါက ကျောက်ကပ်၏ ပုံမှန်လုပ်ငန်းကို ထိခိုက်စေသည့်အပြင် ကျောက်ကပ်တွင် ရှိသည့် အလွန်သေးငယ်သော သွေးကြောငယ်လေးများ ပျက်စီးစေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

လျော့နည်း

သို့သော် အမျိုးသမီးများ၌မူ ဆော်ဒါပါဝင်သော အချိုရည်ကို တစ်နေ့တစ်ကြိမ်ခန့် သောက်သုံးပါက ကျောက်ကပ်ထိခိုက်ပျက်စီးမှုမှာ အမျိုးသားများထက် လျော့နည်းမှုတွေ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အကြံပြု

ထို့ကြောင့် ဆော်ဒါပါဝင်သောအချိုရည်များကို ချင့်ချိန်သောက်သုံးသင့်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ ။

မူလတန်းလွန်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အားပေး

နေပြည်တော် နိုဝင်ဘာ ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အနောက်အင်တိုင်းကျေးရွာ၌ကျင်းပသော မူလတန်းလွန်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်အကြူနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းတို့က မူလတန်းလွန်ကျောင်းဆောင်သစ်အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ကျေးရွာကိုယ်စားလှယ် ဦးကြာလှက ကျေးဇူးတင်စကားပြောကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် ကျောင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် လက်ပံပျားကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကျောင်းဆောင်ကွန်ကရစ်ကြမ်းခင်း ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့

World Diabetes Day

နိုဝင်ဘာလ(၁၄)ရက်နေ့

"ဆီးချိုသွေးချိုသဘာဝ၊ သိရှိနားလည်ကာကွယ်ကြ"

"Understand diabetes and take control"

ကျန်းမာရေးဝန်ကြီးဌာန

ဂျပန်ပညာသင်ဟောင်းများညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာ

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းမှကြီးမှူး၍ မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံနိုင်ငံများရှိ ဂျပန်ပညာသင်ဟောင်းများ၏ ASCOJA Conference 2009 ကိုတက်ရောက်ကြမည့်ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း အထက်လွှတ်တော်အမတ် H.E. Mr. Yasuo Fukuda၊ အထက်လွှတ်တော်အမတ် Ms. Aiko Shimajiri နှင့်အဖွဲ့ဝင်များ၊ အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ် ၁၅၃ဦးတို့သည် လေကြောင်းခရီးဖြင့် ယမန်နေ့ကရောက်ရှိလာကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း အတွင်းရေးမှူး ဦးရဲထွဋ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျပန်ပညာသင်ဟောင်းအသင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်

ထို့နောက် ASCOJA Conference 2009 တက်ရောက်မည့် ကိုယ်စားလှယ်များအား ကြိုဆိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ကရဝိက်နန်းတော်၌ ညပိုင်းတွင် ဆက်လက်ကျင်းပရာ **(အပေါ်ပုံ)** ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း အထက်လွှတ်တော်အမတ် H.E. Mr. Yasuo Fukuda၊ အထက်လွှတ်တော်အမတ် Ms. Aiko Shimajiri၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌဦးခင်ရွှေ၊ မြန်မာနိုင်ငံဂျပန်ပညာသင်ဟောင်းအသင်း (MAJA) ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ညစာဖြင့်တည်ခင်း

၄င်းနောက် မြန်မာနိုင်ငံ ဂျပန်ပညာသင်ဟောင်းအသင်း (MAJA)ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်၊ဂျပန်အထက်လွှတ်တော်အမတ် Ms. Aiko Shimajiri၊ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ယဉ်ကျေးမှုအကများဖြင့်ဖျော်ဖြေကာ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(မြန်မာ့အလင်း)**

ကြီးကြပ်ဆောင်ရွက်

ဆိပ်ဖြူမြို့ရေပေးရေး ထရန်စဖော်မာ ကွဲ့ခိုင်စွမ်းအားပြည့် အသုံးပြုနိုင်ရေးကို အောက်တိုဘာ ၂၈ရက်က မြို့နယ်လျှပ်စစ်ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကသာမြို့နယ်၌ တောင်သူများအား နည်းပညာပေးဆွေးနွေး

ကသာ နိုဝင်ဘာ ၆

၂၀၀၉-၂၀၁၀ခုနှစ် စစ်ကိုင်းတိုင်း မိုးစပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရေးအတွက် ကသာခရိုင် ကသာမြို့နယ် လမ်းခွကျေးရွာအုပ်စုရှိ တောင်သူများအား နည်းပညာပေးဟောပြောဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်က လမ်းခွကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယတိုင်းမန်နေဂျာ ဦးသိန်းဝင်းက မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ စိုက်စနစ်မှန်ကန်ရေး ၊သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲရေး၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ အမျိုးတူ ပေါင်းစပ်အသုံးပြုရေး၊ ပေါင်းမြက်ကင်းစင်ရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ် နှိမ်နင်းရေးနှင့်စပ်လျဉ်းသည့် နည်းပညာများကို ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကွင်းဆင်းကြည့်ရှု

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည့် မြို့မကွက်သစ်လမ်းလုပ်ငန်းခွင်သို့ အောက်တိုဘာ ၁ ရက်က စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောသီဟက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သံတွဲမြို့နယ်လုံးဆိုင်ရာ စုပေါင်းအလှူပွဲကျင်းပ

သံတွဲ နိုဝင်ဘာ ၆

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် သံတွဲမြို့နယ်လုံးဆိုင်ရာ (၃၂)ကြိမ်မြောက် ဝန်ထမ်းပေါင်းစုံ စုပေါင်းအလှူပွဲကို အောက်တိုဘာ ၃၁ရက် နံနက် ၇နာရီက ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်-ဒေါ်ဥမ္မာအောင်၊ အတွင်းရေးမှူး ဦးတင်သိန်း- ဒေါ်ခင်သက်မူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်-ဒေါ်ခင်ဆွေယု၊ အတွင်းရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဌာနဆိုင်ရာများနှင့်လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေ ပစ္စည်းနှင့်အတူ ပဒေသာပင် ၄၉ ပင်တို့အား ရခိုင်စည်တော်အဖွဲ့၊ ပန်းပေါက်ပေါက်ကြဲအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ အိုးစည်ဒိုးပတ်ဝိုင်းများ၊ မေတ္တာတေးသံ-မင်္ဂလာစည်ဗြောအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ သံတွဲမြို့အတွင်းသို့ လှည့်လည်ပူဇော်ခံကြသည်။

(ခရိုင် ပြန်/ဆက်)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော မြို့သာယာလှပရေးလုပ်ငန်းဖြစ်သည့် (ဃ)ရပ်ကွက် ဗိုလ်ဗထူး လမ်းဘေးတွင် အုတ်ရေမြောင်းပြုလုပ်ခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးမိုးဇော်နှင့် အမှုဆောင်အရာရှိဦးထွန်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

(၈၉) နှစ်မြောက် အမျိုးသားနေ့

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၁-၁၁-၂၀၀၉)

(၈၉) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်နိုးကြားရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊
- ★ အမျိုးသားပညာရည်မြင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေး။

တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ အမ်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် အောက်တိုဘာ ၂၉ရက်က အမ်းမြို့လေယာဉ်ကွင်းရပ်ကွက် (အရှေ့ပိုင်း)ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ အသစ်တိုးချဲ့ တည်ဆောက်ပြီးစီးသော ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဌေးနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ထွန်းမြတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စီမံကိန်းအင်ဂျင်နီယာဦးထွန်းဇော်က မြို့နယ် ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ကွင်း ရောင်ကွင်းလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်

တိုင်းမှူးနှင့်ဝန်ကြီးတို့သည် အောက်တိုဘာ၃၀ရက်တွင် အမ်းမြို့နယ် စပ်စီကျေးရွာ၌ စပ်စီကျေးရွာအုပ်စုရှိ စပ်စီ၊ ကမ်းဘနီ၊ မထိန်တောင်၊ မင်းရန်းနှင့် အောက်မထိန်ကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံပြီး အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များနှင့် စာရေးကိရိယာများကို ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ကျောက်ဖြူမြို့ မိဘမဲ့ ပရဟိတ စာသင်ကျောင်းသို့ရောက်ရှိကြပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်ကြသည်။

တိုင်းမှူးဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့သည် နိုဝင်ဘာ ၂ရက်တွင် စစ်တွေမြို့ စက်ရုံစုရပ်ကွက် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသော နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်ပညာရေးမှူး ဦးဝင်းဆွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်ဝန်ကြီးများက အမှာစကားပြောကြားကြသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာကြီးဦးဖြူထွန်းသာထံသို့ ပေးအပ်ပြီး တိုင်းမှူးနှင့် ဝန်ကြီးများသည် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် တက်သစ်စခြင်းလုံးခတ်ရုံ(ခြင်းရုံ) ဖွင့်ပွဲကို နိုဝင်ဘာ ၁ရက်က အင်းစိန် ပိန္နဲကုန်းရပ်ကွက် ရွာသစ်(၁)လမ်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကား ပြောကြားစဉ်။ (၁၁၃)

အင်းလုပ်ငန်းမှ ထုတ်လုပ်သောငါးများ သာယာဝတီ၌ ဖြန့်ဖြူးရောင်းချပေး

သာယာဝတီ နိုဝင်ဘာ ၆

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီမြို့နယ် အသရော်ကျေးရွာအုပ်စု(ဒို့အားမာန်) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် ငါးထုတ်လုပ်ငန်းမှ အုပ်စုအတွင်းရှိ စားသုံးသူများသို့ အသင်း၏ အင်းလုပ်ငန်းမှ ထုတ်လုပ်သည့်ငါးများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ကွင်းဆင်း

ရောင်းချရာသို့ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသန်းဝင်း၊မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ဒို့အားမာန်စိုက်ပျိုးရေး ထုတ်လုပ်ရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ နာယက ဦးတင်ထွန်းတို့ ကွင်းဆင်းကြည့်ရှုကြသည်။

စိုက်ပျိုး

အသင်းမှ ငါးထုတ်လုပ်ရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး လက်ရှိ ကျားမနိုင်ဘီးလင်းဆွဲပိုက်အင်းများ ရေခန်းသွားသည့်အခါ အသင်းသားပိုင် စိုက်ပျိုးမြေတွင် နွေစပါး(မယင်းစပါး) ဧက၂၅၀ကျော်ကို ရေသွင်းရေထုတ်မှုတ အောင်ဆောင်ရွက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အထက(၁) ရန်ကင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

အထက(၁) ရန်ကင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ၁၉၆၂-၁၉၈၂ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိလျက် သက်ပြည့် အငြိမ်းစားဘဝနှင့် ရပ်တည်နေကြသော ဆရာကြီး ဆရာမကြီးများအား နှစ်စဉ် မပျက်(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် အထက(၁)ရန်ကင်း သီရိရတနာခန်းမ၌ ကျင်းပမည် ဖြစ်သည်။

စာသင်နှစ် ကန့်သတ်ချက်မရှိဘဲ ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့ပြီးသူ ကျောင်းသားကျောင်းသူဟောင်းများအားလုံး အာစရိယပူဇော်ပွဲသို့ ကြွရောက်ကြပါရန်နှင့် ရန်ကင်းအထက(၁) ရွှေရတုအကျီ မဂ္ဂဇင်းအား ဝယ်ယူလိုသူများနှင့် အလှူငွေ လှူဒါန်းလိုသူများသည် ဦးဇေယျကို (ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၆-၇၅၅၆၊ ဗိုလ်ကြီး တင်မောင်အေး(ငြိမ်း) ဖုန်း-၀၉-၅၂၀-၀၂၀၀၊ဦးအောင်ခိုင်ဖုန်း-၅၇၀၀၈၉၊ ဦးကျော်နိုင်ဝင်း ဖုန်း-၀၉-၈၀-၃၃၄၆၁၊ ဦးစိုးမြင့်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၆-၃၈၈၉၊ ဦးခင်မောင်လှိုင် ဖုန်း-၀၉-၅၀၄-၀၉၉၇၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၀-၂၄၉၃၀နှင့် ကျောင်းအုပ်ဆရာကြီး အထက(၁) ရန်ကင်း ဖုန်း-၅၅၇၅၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ လမ်းမတော်လမ်းနှင့် ကန်ကြီးတန်းလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်မြက်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များစိုက်ပျိုးခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်သိန်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကော့သောင်း၌ကျင်းပ

ကော့သောင်း နိုဝင်ဘာ ၆

၂၀၀၉ခုနှစ် တနင်္သာရီတိုင်း မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့်ကာယအလှမယ် ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၇ရက်နှင့် ၁၈ရက်က ကော့သောင်းမြို့ မဏ္ဍုသကခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးနေလင်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ရဲမှူးကြီးညွန့်ဝင်းနှင့် ခရိုင်ဥက္ကဋ္ဌ ဦးအုံးမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားကိုစတင်သည်။

ဆက်လက်၍ အောက်တိုဘာ ၁၈ရက်တွင် ပြိုင်ပွဲယှဉ်ပြိုင်ကြရာ အကြီးတန်းကာယဗလမောင်ပြိုင်ပွဲတွင် ပထမ(ကော့သောင်း)၊ ဒုတိယ(ကော့သောင်း)၊ တတိယ(မြိတ်)၊ အငယ်တန်းကာယဗလမောင်ပြိုင်ပွဲတွင် ပထမ(ကော့သောင်း)၊ ဒုတိယ(ထားဝယ်)၊ တတိယ(မြိတ်) မြို့နယ်တို့ကရရှိပြီး ကာယအလှမယ်ပြိုင်ပွဲတွင် ပထမ(ပုလော)၊ ဒုတိယ(ကော့သောင်း)၊ တတိယ(တနင်္သာရီ)မြို့နယ်တို့ရရှိကြရာ ***(အပေါ်ပုံ)*** *တနင်္သာရီတိုင်း အဖွဲ့ဝင်(၁)နှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။* ***(ခရိုင် ပြန်/ဆက်)***

အာဆီယံနိုင်ငံများရှိ ဂျပန်ပညာသင်ဟောင်းများအသင်း၏ ညီလာခံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ချတ်ထရီရံဟိုတယ်၌ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံနိုင်ငံများရှိ ဂျပန်ပညာသင်ဟောင်းများအသင်း၏ ညီလာခံသို့တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ညီလာခံသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Mr. Yasuo FUKUDA၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ညီလာခံကျင်းပရေး နာယကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဂျပန်ပညာသင်ဟောင်းများ အသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖတ်ကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Mr. Yasuo FUKUDA က အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ညီလာခံ အထိမ်းအမှတ်လက်ဆောင်ကို ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း H.E. Mr. Yasuo FUKUDA သို့ ပေးအပ်သည်။

ယင်းနောက် ညီလာခံကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဂျပန်ပညာသင်ဟောင်းများအသင်းနာယကက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Kazuyuki Takeuchi က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက်ညီလာခံ၏ဆောင်ပုဒ်ဖြစ်သော "အာဆီယံ နိုင်ငံများနှင့် ဂျပန် အဆင့်မြင့်ပညာဖြင့် ပေါင်းကူးခြင်း" စာတမ်းမိတ်ဆက်ကို ဂျပန်နိုင်ငံ Okayama University မှ Prof; Shigeru Okada က ပြောကြားပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ထို့နောက် ညီလာခံကို ဆက်လက်ကျင်းပရာ စာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဂျပန်ပညာသင်ဟောင်းများ အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပြောကြား

ယင်းနောက် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက ဆွေးနွေးပြောကြားပြီး ညီလာခံကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် တက်ရောက်လာကြသည့် ညီလာခံ ကိုယ်စားလှယ်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Kazuyuki Takeuchi က ရန်ကုန်မြို့ရှိ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၁၈)ကြိမ်မြောက် အာဆီယံနိုင်ငံများရှိ ဂျပန်ပညာသင်ဟောင်းအသင်းများ၏ ညီလာခံတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း H.E. Mr. Yasuo Fukuda ထံ ညီလာခံအထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်စဉ်။ (သတင်းစဉ်)

မုတ္တမကမ်းလွန်ဒေသ ရေနံရှာဖွေရေးလုပ်ကွက် M-10 ၌ ရှာဖွေရေးတွင်းအမှတ် ရွှေပြည်သစ်(၆)ကို စတင်တူးဖော် သဘာဝဓာတ်ငွေ့သိုက်အသစ် ထပ်မံတွေ့ရှိမည့် အလားအလာကောင်း

နေပြည်တော် နိုဝင်ဘာ ၆

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးတာဝန်ခံ Mr. Tang Hai၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Offshore Oil Corporation (CNOOC) ၏ Executive Vice President Mr. Zhu Weilin၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများနှင့် Asia World Company Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးထွန်းမြင့်နိုင်တို့ လိုက်ပါလျက် နိုဝင်ဘာ၅ရက် နံနက်ပိုင်းတွင် မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက် M-10 ၌ ရှာဖွေရေးတွင်းအမှတ် ရွှေပြည်သစ်(၆)ကို စတင်တူးဖော်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် တူးဖော်ရေးစင် Actinia (Semi Submersible Rig) ပေါ်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် CNOOC (Myanmar) Limited ဥက္ကဋ္ဌ Mr. Li Mingde က ရွှေပြည်သစ်(၆) တူးဖော်မည့် အစီအစဉ်ကို ရှင်းလင်းပြောကြား၍ ဝန်ကြီးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုးပေးရာ တက်ရောက်လာသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် Actinia တွင်းတူးစက်ပေါ် ရှာဖွေရေးတွင်း အမှတ် ရွှေပြည်သစ်(၆) စတင်တူးဖော်ခြင်း အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် CNOOC မှ Executive Vice President Mr. Zhu Weilin တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ မင်္ဂလာချိန် နံနက် ၉နာရီ ၅၄မိနစ်တွင် မုတ္တမကမ်းလွန် လုပ်ကွက် ရှာဖွေရေး တွင်းအမှတ် ရွှေပြည်သစ် (၆)၏ တွင်းစတင်တူးဖော်ခြင်းအခမ်းအနားကို ဝန်ကြီးက စက်ခလုတ်နှိပ်၍ စတင်တူးဖော်ဖွင့်လှစ်ပေးသည်။ ယင်းနောက်ဝန်ကြီးနှင့် ဧည့်သည်များသည် Actinia တွင်းတူးစက်ပေါ်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးသည် တွင်းတူးစက်ပေါ်တွင် တာဝန်ထမ်းဆောင်နေကြသော ပြည်ပပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်း လက်ဆောင် ပေးအပ်သည်။

အလားအလာကောင်း

မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက်အမှတ်M-10 သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရပိုင် CNOOC ကုမ္ပဏီနှင့် နှစ်နိုင်ငံ အကျိုးတူ ဆောင်ရွက်လျက်ရှိသော ကမ်းလွန်လုပ်ကွက်တစ်ခုဖြစ်ပြီး အဆိုပါ လုပ်ကွက်၌ ၂၀၀၈ခုနှစ် ပွင့်လင်းရာသီတွင် First Campaign က အစမ်းတွင်း သုံးတွင်း တူးဖော်ခဲ့ရာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းသည့် အလားအလာ Hydro Carbon များတွေ့ရှိခဲ့ပြီး စီးပွားဖြစ် ထုတ်ယူနိုင်ရန်အတွက် ၂၀၀၉ခုနှစ် ပွင့်လင်းရာသီတွင် Second Campaign ၌ ရှာဖွေရေးတွင်းသစ် သုံးတွင်း တူးဖော်သွားမည်ဖြစ်၍ မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ဒေသတွင် နိုင်ငံတော်အတွက် နောက်ထပ် သဘာဝဓာတ်ငွေ့ သိုက်အသစ် ထပ်မံတွေ့ရှိနိုင်မည့် အလားအလာများစွာ ကောင်းမွန်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် CNOOC မှ Executive Vice President Mr. Zhu Weilin တို့သည် မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက် M-10 ၌ ရှာဖွေရေးတွင်းအမှတ် ရွှေပြည်သစ်(၆) စတင်တူးဖော်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(စွမ်းအင်)

မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၆

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာ ကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖလမ်းမြို့တွင် ဝ.ဒသမ ၄၃လက်မ၊ ဟားခါးမြို့တွင် ဝ.ဒသမ ၂၈လက်မနှင့် ကလေးမြို့တွင် ဝ.ဒသမ ၂၀လက်မ တို့ဖြစ်ကြသည်။

တိမ်အသင့်အတင့်

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

<u>**နိုဝင်ဘာလ ၇ရက် ညနေအထိခန့်မှန်းချက်မှာ**</u> ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

လှိုင်းအသင့်အတင့်

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

<u>**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်**</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်**</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**</u> အများအားဖြင့်သာယာမည်။

<u>**နိုဝင်ဘာလ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ**</u> လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဧပြီ၂၈ရက်မှ စတင်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ New Influenza A(H1N1) အတည်ပြုလူနာ ၆၄ဦးရှိပြီး သေဆုံးသူမရှိကြောင်း၊ ၆၂ဦးမှာ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှ ဆင်းပေးပြီးဖြစ်ကြောင်း၊ လက်ရှိဆေးရုံတက်လူနာနှစ်ဦးရှိပြီး ၄င်းတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်စက်မှုတက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၆၄-၁၉၆၅ခုနှစ် ပထမနှစ် ကျောင်းသား ကျောင်းသူများ၏ ရွှေရတုအကြို အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခန်းမ (တက္ကသိုလ်များ လှိုင်နယ်မြေ) ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြား နိုးဆော်ထားသည်။

အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်မည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးကြပ်၍ အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာသင်တန်းကို အထက(၂)စမ်းချောင်း၌ နိုဝင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ (စနေ၊ တနင်္ဂနွေနေ့)များတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက ဖုန်း-၅၃၅၄၉၇သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

အထက(၁)ပုဇွန်တောင် မြတ်ဆရာပူဇော်မည်

အထက(၁) ပုဇွန်တောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို လာမည့် ၂၀၁၀ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်ပြီး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။

ဖိတ်ခေါ်ပန်းချီပြိုင်ပွဲ

ပန်းချီဝါသနာရှင် လူငယ်များအတွက် MISY ဖိတ်ခေါ်ပန်းချီပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ နိုဝင်ဘာ ၂၁ ရက် (စနေနေ့) တွင် ကျင်းပမည်ဖြစ်ရာ အုပ်စု(၁) အသက် ၇နှစ်မှ ၁၁နှစ်နှင့် အုပ်စု(၂) အသက် ၁၂နှစ်မှ ၁၆နှစ် ပြိုင်ပွဲများဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူ လူငယ်များအနေဖြင့် အမှတ်-၂၉ ပြည်လမ်း ၇မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၀၅၆၅၊ ၆၅၅၅၃နှင့် ၇၂၈၇၅၉ တို့သို့ ဆက်သွယ်နိုင်သည်။

ငွေစာရင်းမင်းကြီးရုံး အငြိမ်းစားများ ကန်တော့ပွဲ

ယခင်ငွေစာရင်းမင်းကြီးရုံး(AG) အငြိမ်းစားဝန်ထမ်းများ၏ သက်ကြီးဝန်ထမ်းများ ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၁၆၄၆၇သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်၌ နိုဝင်ဘာ ၇ရက် (ယနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကျွန်တော့်အမြင် ခေါင်းစဉ်ဖြင့် စာရေးဆရာချစ်ဆွေမြင့်က ဟောပြောမည်ဖြစ်ရာ စိတ်ပါ ဝင်စားသူများ တက်ရောက်နိုင်သည်။

အထက(၂) စမ်းချောင်း မြတ်ဆရာပူဇော်ပွဲ

အထက(၂) စမ်းချောင်း (ယခင်စိန့်ဖလိုမီနာ) ကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဖုန်း-၆၄၂၈၃၅၊ ၀၉-၅၁-၇၆၈၈၈နှင့် ၅၃၅၄၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

ဆေးတက္ကသိုလ်(၁)ရန်ကုန် အာစရိယပူဇော်မည်

ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ၁၉၆၄ခုနှစ်၌ စတင် တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၃ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ဖုန်း-၅၆၃၆၃၁၊ ၂၉၀၃၉၀ နှင့် ၀၂-၈၀၆၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အထက(၂) အလုံ မြတ်ဆရာပူဇော်မည်

အထက(၂) အလုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် မရမ်းကုန်းမြို့နယ် ၈ မိုင် မြိုင်ပဟဝန်ပန်းခြံရှိ ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ပုလဲမြို့နယ်ရှိ ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မုံရွာနှင့် ဂန့်ဂေါခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂ ရက်တွင် မုံရွာ-ယင်းမာပင် လမ်းပိုင်းအခြေအနေများနှင့် မြောက်ယမားတံတားတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာရှိ မိုးစပါးစိုက်ခင်းနှင့် စပါးမျိုးများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား တွေ့ဆုံသည်။

နှုတ်ဆက်

ထို့နောက် ယင်းမာပင်မြို့နယ် သရက်ကန်ကျေးရွာရှိ ငွေချည် (၆) ချည်မျှင်ရှည်ဝါစိုက်ခင်းနှင့် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ စပါးစိုက်ခင်းတို့ကို ကြည့်ရှု စစ်ဆေးပြီး ဒေသခံတောင်သူများအား နှုတ်ဆက်သည်။

ဆက်လက်၍ ပုလဲမြို့နယ် မြို့တွင်းလမ်းများ ကောင်းမွန်မှုအခြေအနေများနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ပုလဲမြို့နယ် ဝင်းသူဇာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပုလဲမြို့နယ် ပုလဲမြောက်ပိုင်းရပ်ကွက်ရှိ ငွေချည် (၆) ချည်မျှင်ရှည်ဝါ စိုက်ခင်းကိုလည်းကောင်း၊ ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာအနီးရှိ ကန့်ဒေါင့် ရေလှောင်တမံသို့ ရေရောက်ရှိမှုနှင့် ရေထုတ်ပြွန်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ဂန့်ဂေါမြို့နယ် ကျောတိုက်နယ်ဆေးရုံ၌ ဆေးရုံတက်လူနာများကို ကြည့်ရှုအားပေးကာ ဆေးရုံ၏ ဆေးစတိုနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ကျောဘုတာရုံကို ကြည့်ရှုစစ်ဆေးပြီး ထီးလင်းမြို့နယ် ရေမျက်နီ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်ကာ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းပိုင်း ကတ္တရာထပ်ပိုးလွှာလောင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေမျက်နီ-ဂန့်ဂေါ လမ်းပိုင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၃)ဗဟန်း (ယခင်အလက-၄၊ ဗဟန်း) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၆

အထက(၃) ဗဟန်း (ယခင် Y.M.B.A၊ အလက-၄၊ ဗဟန်း)၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့)နံနက်၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာဟောင်း၊ ဆရာမဟောင်းများ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့နှင့် ဆက်သွယ်ကြရန် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အခမ်းအနား ကျင်းပနိုင်ရေးအတွက် ညှိနှိုင်း အစည်းအဝေးကို အပတ်စဉ် တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် အထက(၃) ဗဟန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများ လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာကြီး ဦးလှတင် ဖုန်း-၀၁-၅၅၅၂၂၂၊ ဆရာမ ဒေါ်ခင်လှမြင့် ဖုန်း-၀၁-၅၄၈၇၇၄၊ဆရာမဒေါ်လှခင်(တစ်ဆင့် ဖုန်း-၀၁-၅၆၂၇၀၄)၊ ဦးလှထွေး (ရှိုမိုစားသောက်ဆိုင်) ဖုန်း-၀၉-၅၁၆၂၉၁၉၊ ဦးဘိုဘိုမျိုးမင်းဦး ဖုန်း-၀၉-၅၀၈၈၈၀၁၊ ဦးကျော်လင်း ဖုန်း-၀၁-၄၀၀၇၁၆၊ ဒေါ်တင်နွယ်ဦး ဖုန်း-၀၁-၅၅၄၂၆၂၊ ဦးအောင်ကျော်ထွန်း ဖုန်း-၀၁-၅၅၃၉၆၆၊ ဦးစံကြည် ဖုန်း-၀၉-၄၈၈၀၉၂၅၇ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ပုလဲမြို့နယ်ရှိ ကန့်ဒေါင့်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၁၁-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၇။ မြို့ကြီးသားယဉ်ကျေးမှု
- ၈:၂၀ ၈။ မင်းတုန်းချောင်းတံတား
- ၈:၃၀ ၉။ International News
- ၈:၄၀ ၁၀။ Crossroad Cafe (Episode-3) (World's Aport)

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၂၀ ၅။ Yan Can Cook
- ၁၃:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၄၃)
- ၁၄:၃၅ ၇။ International News

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **Delta United အသင်းနှင့် ကမ္ဘောဇအသင်း**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆:၄၀ ၆။ ယဉ်တစ်ကိုယ်မယ် **သရုပ်ဖော်ကတ်တမ်း** ဂျူးဂျူးကော၊ နိုနိုကော၊ အမရာမောင် (ဒါရိုက်တာ-ခေတ်ဘုန်းမို)
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ**(အပိုင်း-၁၉)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၅၇)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ**(အပိုင်း-၉)
- ၁၃။ ဂီတတံခါးလေးဖွင့်ပါဦး

စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းတို့ ပူးပေါင်းအကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်တို့သည် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် မင်းအနော်ရထာအုပ်စုကုမ္ပဏီလီမိတက်တို့သည် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း (B.O.T) (တည်ဆောက်၊ မောင်းနှင်၊ လွှဲပြောင်း)စနစ်ဖြင့် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နိုဝင်ဘာ ၅ရက် ညနေပိုင်းတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်နှင့် မင်းအနော်ရထာအုပ်စုကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ပဏာမ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အပြန်အလှန်

ဆက်လက်၍ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်တို့သည် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မင်းအနော်ရထာအုပ်စု ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးခိုင်ဦးတို့သည် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြပြီး စာချုပ်များအား အပြန်အလှန်လဲလှယ်ကြသည်။ ထို့နောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

လက်မှတ်ထိုး

ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနသည် အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်နှင့် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ မင်းအနော်ရထာအုပ်စု ကုမ္ပဏီလီမိတက်နှင့် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း ပူးပေါင်းအကောင်အထည်ဖော်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ အသီးသီး လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခွေးရူးအန္တရာယ် သတိပြုဖွယ်

ဒေါက်တာကံညွန့်

အမှန်တော့ မျက်စိဆရာဝန်တစ်ဦးအနေနဲ့ မျက်စိအကြောင်းပဲ ရေးသင့်တာပါ။ အခုဆောင်းပါးကတော့ မျက်စိအကြောင်းမဟုတ်ပါဘူး။ ဒါပေမယ့် သာမန်ဆရာဝန်တစ်ဦးအနေနဲ့တော့ ဒီအကြောင်းရေးသင့်တယ်လို့ ယူဆမိလို့ ရေးလိုက်ရတာပါ။ ရင်ထဲမှာကလည်း မချိတင်ကဲ ခံစားမိရတာကိုး။

နှစ်ပေါင်း ၃၀ကြာအောင် လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့တဲ့ တပည့်လေး။ ဆေးရုံမှာလည်း အတူလုပ်၊ မျက်စိခွဲစိတ်ဖို့သွားရတဲ့ ခရီးစဉ်တွေမှာလည်း အတူသွားအတူလာရှိခဲ့တဲ့ တပည့်လေး ဆေးခန်းကိုရောက်လာပါတယ်။ ရောက်လာလာချင်း ခရီးရောက်မဆိုက် "ကျွန်တော့်မိန်းမဆုံးသွားပြီဆရာ"တဲ့၊ "ဟ- မင်းမိန်းမက အသက်၄၀ကျော်အရွယ်လေး ဘာဖြစ်လို့ဆုံးရတာလဲ"လို့ မေးလိုက်တော့။

"ဒီလိုပါဆရာ၊ ကျွန်တော့်မိန်းမက အသက်၃၀အရွယ်လောက်ကပဲ နှလုံးအဆို့ကျဉ်းလို့ ခွဲထားတာပါဆရာ။ နှလုံးကကောင်းသွားပြီ။ ကလေးတောင်နှစ်ယောက်ထပ်မွေးပြီး ကျန်းကျန်းမာမာကြီးနေလာခဲ့တာ ၁၄-၁၅ နှစ်ရှိပါပြီ။ အဲဒါကုန်ခဲ့တဲ့ တစ်လလောက်ကတော့ အဖျားနည်းနည်းဝင်ပြီး အဆစ်အမျက်ရောင် အသက်ရှူကျပ်လာလို့ဆိုပြီး ဆေးရုံတင်လိုက်တော့ ဆေးရုံကသမားတော်ကြီးက သေချာစမ်းသပ်ကြည့်တော့ နှလုံးကအကောင်းတဲ့၊ ဘာမှမဖြစ်ဘူးတဲ့။ အမောဖောက်တာက တစ်ရက်ထက်တစ်ရက် ပိုဆိုးလာပြီး ရေမသောက်ရဲဘဲဖြစ်၊ တဖြည်းဖြည်း အသက်ရှူကျပ်လာပြီး ဆေးရုံမှာ တစ်ပတ်တောင်မနေလိုက်ရဘူး ဆုံးသွားတာပဲဆရာ။ သမားတော်ကြီးတွေက ခွေးရူးရောဂါတဲ့။ ခင်ဗျားမိန်းမ ခွေးကိုက်ခံရသေးလားမေးတော့မှ ဇာတ်ကြောင်းက ပေါ်တော့တာပဲ၊ ကျွန်တော်လည်း အံ့သြလို့မဆုံးဘူး။

သူကငယ်ငယ်ကတည်းက ခွေးချစ်တတ်တာဆရာ။ ခွေးလေးတွေမြင်ရင် အိမ်နားကခွေးပဲဖြစ်ဖြစ်၊ လမ်းဘေးကခွေးပဲဖြစ်ဖြစ် ခေါ်ပြီး ထမင်းကျန်ဟင်းကျန်တွေ ခေါ်ကျွေးနေတာပဲ။ ဒါနဲ့ ဒီလိုမဖြစ်ခင် တစ်လလောက်ကတော့ ထော့နဲ့ ထော့နဲ့ ခွေးလေးတစ်ကောင် အိမ်နားရောက်လာတယ်။ လမ်းလည်းကောင်းကောင်းမလျှောက်နိုင်ဘူး။ အိမ်ဘေးကခွေးတွေကလည်း အစာကျွေးတုန်းသူ့မြင်ရင် ကိုက်ချင်ကြနဲ့။ ဒါနဲ့ သူကသနားလို့ဆိုပြီး အိမ်မှာခေါ်မွေးထားတယ်။ ခေါ်ထားစက အစာကျွေးတုန်း သူ့လက်ကိုခွေးလေးကဟပ်လိုက်တာ လက်မှာနည်းနည်းပေါက်သွားတယ်။ ဒါလည်းပေါ့ပေါ့။ ဘာမှမဖြစ်လောက်ဘူးဆိုပြီး ဒီအတိုင်းနေလိုက်တာပါ။ အနာကလည်း အလွယ်တကူ ကျက်သွားတာကို။ ဒါနဲ့ခွေးလေးကို လှေကားထစ်မှာ ဂုန်နီစတွေဘာတွေခင်းပြီးထားတယ်။ ဒီခွေးကလေးကို ပြုစုပေးရင်း နှစ်ပတ်လောက်ကြာတော့ ခွေးလေးသေသွားတယ်။

သေသွားတော့ သူကသနားလို့ဆိုပြီး ခိုင်းတဲ့လူတွေကို ပိုက်ဆံပေးပြီး တကူးတကမြှုပ်ခိုင်းလိုက်သေးတယ်။ ခွေးသေပြီး ၃-၄ ပတ်လောက်ကြာတော့မှ သူ့မှာရောဂါပေါ်လာတာ။ မအီမသာဖြစ်ပြီး ကိုယ်လက်တွေယား၊ အဆစ်အမျက်တွေကိုက်၊ ဖျားပြီး အသက်ရှူကျပ်လာတာ။ ရေလည်းမသောက်နိုင်ဘူး၊ ရေသောက်ရင် နေရခက်လွန်းလို့တဲ့။ ဆေးရုံပေါ်မှာ အသက်ရှူကျပ်၊ သတိလစ်၊ တက်သလိုဖြစ်လိုက်နဲ့ ၁၀ ရက်လောက်ကြာတော့ ဆုံးသွားတော့တာပဲ။ သူဆုံးတော့ သမားတော်ကြီးတွေက ရှင်းပြတယ်။ ဟိုခွေးလေးကလည်း ခွေးရူးရောဂါနဲ့သေတာဖြစ်မှာ။ ခင်ဗျားမိန်းမလည်း ဒီခွေးလေးဆီကရတဲ့ ခွေးရူးရောဂါနဲ့ ဆုံးတာပဲလို့ မှတ်ချက်ချကြတယ်။

အံ့ပါရောဆရာရယ်။ ကျွန်တော့် မိန်းမလည်း ဘွဲ့ရပညာတတ်တစ်ယောက်ပါ။ ခွေးရူးရောဂါအကြောင်း မသိတာလည်းမဟုတ်ဘူး၊ ပေါ့ပေါ့ဆဆနေလိုက်မိလို့ ဖြစ်သွားတာပါ။ နဂိုက နှလုံးရောဂါအခံရှိလို့ နှလုံးရောဂါနဲ့ဆုံးရတယ်ဆိုရင် တော်သေးတယ်။ အခုတော့ ဘာမဟုတ်တဲ့ ခွေးရူးရောဂါနဲ့ ဆုံးရတယ်ဆိုတော့"

ခွေးရူးရောဂါကို ဆေးပညာလို Rabies လို့ ခေါ်ပါတယ်။

ကမ္ဘာတစ်ဝန်း ခွေးချစ်သူတွေ အများကြီး။ ကျွန်တော်တို့နိုင်ငံမှာလည်း ခွေးချစ်သူ၊ ခွေးမွေးသူတွေ အများကြီး၊ သို့သော် မထင်မှတ်ဘဲ ဖြစ်လာတတ်တဲ့ ခွေးရူးရောဂါရဲ့ ကြောက်စရာကောင်းပုံကို သတိထားကြဖို့ လိုပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ မှတ်တမ်းများအရ ကမ္ဘာတစ်လွှား ခွေးရူးရောဂါကြောင့် တစ်နှစ်မှာ လူပေါင်း ၅၅၀၀၀ခန့် သေဆုံးနေရကြောင်း၊ သေဆုံးမှုအများဆုံးဟာ အာရှနဲ့အာဖရိကနိုင်ငံများမှဖြစ်ကြောင်း သိရတယ်။ တရုတ်နိုင်ငံမှာဆိုရင် တစ်နှစ်မှာ လူပေါင်း ၂၄၀၀ခန့် သေဆုံးနေရကြောင်း၊ တရုတ်နိုင်ငံတွင် ခွေးကောင်ရေပေါင်း ၇၅သန်းကျော်ရှိတဲ့အနက် ကာကွယ်ဆေးထိုးထားတဲ့ ဦးရေဟာ ၂၀ရာခိုင်နှုန်းတောင် မပြည့်ကြောင်း သိရပါတယ်။

ခွေးရူးရောဂါဟာ (Rhabdovirus) ခေါ် ဗိုင်းရပ်(စ်)ပိုးကြောင့်ဖြစ်ရတဲ့ ရောဂါဖြစ်ပါတယ်။ ခွေး၊ မြေခွေး၊ လင်းနို့တို့ရဲ့ ကုတ်ခြစ်မိခြင်း၊ ကိုက်ခဲမိခြင်းနဲ့ ၎င်းတို့ရဲ့တံတွေး၊ နှာရည်တို့မှ တစ်ဆင့်ကူးစက်နိုင်ပြီး လူတွင်လည်းကောင်း၊ တိရစ္ဆာန်တွင်လည်းကောင်း ဦးနှောက်အာရုံကြောပျက်စီးခြင်း၊ တံတွေးအိတ်များ ပျက်စီးခြင်းနဲ့ အသက်ရှူလမ်းကြောင်း ပိတ်ဆို့ခြင်းတို့ဖြစ်ကာ သေဆုံးကြရတတ်ပါတယ်။

ခွေးရူးရောဂါဟာ လူများမှာ ခွေးကိုက်ပြီး ၁၀ရက်မှတစ်လ၊ နှစ်လခန့်အတွင်း ဖြစ်ပေါ်တတ်ပြီး တချို့တွင် နှစ်နှင့်ချီ၍ ကြာပြီးမှ ဖြစ်တတ်ပါတယ်။ (ယင်းသို့ကြာမှ ဖြစ်တတ်သည့် လူနာမျိုးတွင် ဆေးမြီးတိုနှင့်ကုသခြင်း၊ ရေမန်းတိုက်ခြင်းစသည့် ကုထုံးများဖြင့် ကုထားကြသဖြင့် ရောဂါပျောက်ကင်းပြီဟု ယုံမှတ်မှားတတ်ကြပါသည်။) ဦးခေါင်းပိုင်းနဲ့ ကိုယ်ခန္ဓာအပေါ်ပိုင်းမှာ ခွေးကိုက်ပါက ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်တတ်ပါတယ်။ ကိုယ်ခံအားနည်းသူတို့မှာလည်း လျင်မြန်စွာ ဖြစ်ပေါ်တတ်ပါတယ်။

ရောဂါလက္ခဏာများမှာ ခွေးရူးရောဂါသည် စဖြစ်ပေါ်ခါစတွင် အနည်းငယ်ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ တံတွေးများခြင်း၊ ကိုယ်လက်ယားယံခြင်း၊ ခေါင်းကိုက်ခြင်းလောက်သာ ဖြစ်တတ်ပြီး ၂-၃ရက်အတွင်း အသက်ရှူကျပ်လာခြင်း၊ မောလာခြင်း၊ အသံဝင်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပေါ်လာပါတယ်။ သိသိသာသာ လက္ခဏာမှာ ရေသောက်တိုင်း လည်ပင်းကြွက်သားတို့ညှစ်ကာ အသက်ရှူကျပ်ခြင်း ပိုဖြစ်လာတတ်သဖြင့် ရေသောက်ရမှာ ကြောက်ခြင်းဖြစ်ပါတယ်။ တချို့လည်း ရုတ်တရက် လေတိုက်ခံရမှာကြောက်ခြင်း၊ တစ်ကိုယ်လုံးတောင့်တင်းနေခြင်းတို့ ဖြစ်တတ်ပါတယ်။

၎င်းမှတစ်ဆင့် ရောဂါလက္ခဏာများ ပိုဆိုးလာကာ သတိလစ်ခြင်း၊ လေဖြတ်ခြင်း၊ အသက်ရှူကျပ်ခြင်းတို့ဖြစ်ပြီး တစ်ပတ် ၁၀ရက်ခန့်အတွင်းတွင် သေဆုံးတတ်ကြရပါတယ်။

ခွေးရူးရောဂါစဖြစ်ပြီးပါက ဘယ်ဆေးနဲ့မှကုစ၍မရနိုင်ပါ။ ခွေးရူးရောဂါကို မဖြစ်အောင် ကာကွယ်ခြင်းကသာ အဓိကကျပါတယ်။ ဒါကြောင့် ခွေးကိုက်ပါက ခွေးရူးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ခွေးရူးရောဂါမှကာကွယ်နိုင်ရန် အောက်ပါအချက်များကို လိုက်နာကြရန် လိုတယ်။

၁။ ဘယ်ခွေးပဲဖြစ်ဖြစ် ခွေးကိုက်ပါက ကိုက်ပြီးချက်ချင်း အနာကို ဆပ်ပြာနှင့်စင်ကြယ်စွာ ဆေးကြောရပါမယ်။ ရေပိုက်နဲ့ ထိုးပြီးဆေးက ပိုကောင်းပါတယ်။

၂။ ထိုသို့ဆေးပြီး တင်ချာအိုင်အိုဒင်း(iodine)၊ ပက်ပိုဒင်း (pavodine)၊ အရက်ပြန်စသည့် ရရာဆေးရည် တစ်ခုခုကို အနာတွင် ထည့်ပေးရပါမယ်။ အနာကို ပတ်တီးစည်းခြင်း၊ ပြန်ချုပ်ခြင်း မလုပ်ရပါ။

၃။ ထိုသို့လုပ်ပြီးလျှင်ပြီးချင်း ခွေးရူးရောဂါကာကွယ်ဆေးထိုးနိုင်ရန် ဆေးရုံ၊ ဆေးခန်းတစ်ခုခုသို့သွားပြီး ကာကွယ်ဆေးထိုးသင့်ကြပါတယ်။ (ခွေးကိုက်ခံရသူတိုင်း ကာကွယ်ဆေးထိုးသင့်ပါတယ်။)

ခွေးရူးရောဂါကာကွယ်ဆေးထိုးရာတွင်လည်း တစ်ကြိမ်တည်းနဲ့မလုံလောက်ပါ။ ခွေးရူးရောဂါကာကွယ်ဆေးတွင် Human Diploid Cell Strain Vaccine (HDCSV) နှင့် Human Rabiers Immunoglobulim (HRIG) ခေါ် ဆေးနှစ်မျိုးရှိပါတယ်။ ပထမတစ်ရက်ထိုးပြီး တစ်ပတ်ကြာတွင် တစ်ခါ၊ တစ်လကြာတွင်တစ်ခါ၊ သုံးလတွင်တစ်ခါ အနည်းဆုံး လေးခါထိုးရန် လိုအပ်ပါတယ်။

အရေပြားအောက်တွင် ထိုးခြင်းနဲ့ အသားတွင်ထိုးခြင်းဟု နှစ်မျိုးထိုးနိုင်ကြပါတယ်။

အရေပြားအောက်တွင်ထိုးခြင်းက ပိုမိုထိရောက်သဖြင့် အများအားဖြင့် အရေပြားအောက်မှာ ထိုးပေးကြပါတယ်။

အသားမှာ ဆေးထိုးတဲ့အခါမှာလည်း သာမန်ထိုးဆေးလို တင်ပါးမှာမထိုးဘဲ လက်မောင်းအသားမှာ ထိုးရပါတယ်။

၄။ မိမိအား ခွေးကိုက်ခံရပါက ၎င်းခွေးကို ခွေးရူးဟုတ်မဟုတ်သိနိုင်ရန် နှစ်ပတ်ခန့်စောင့်ကြည့်ပြီး ၎င်းခွေး ဘာမှမဖြစ်ဘူးဆိုပါက ခွေးရူးမဟုတ်ပါ။ အကယ်၍ ၎င်းခွေးမှာ ခွေးရူးဖြစ်ပါက ၁၀ရက်အတွင်း သေဆုံးတတ်ပါတယ်။ ဒါကြောင့် မိမိအားကိုက်သောခွေးကို ရိုက်မသတ်ဘဲ စောင့်ကြည့်ဖို့ လိုအပ်ပါတယ်။

၅။ ဖြစ်နိုင်ပါက ခွေးချစ်သူ၊ ခွေးမွေးသူတိုင်း မိမိတို့ခွေးများကို ကာကွယ်ဆေးထိုးနှံထားသင့်ကြပါတယ်။ ဒါမှ မိမိအတွက် လုံခြုံစိတ်ချရပါမယ်။

ခွေးကိုချစ်ကြတာ မချစ်ပါနဲ့၊ မမွေးပါနဲ့လို့ မတားလိုပါ။ ဘာကိုမဆို ချစ်တတ်တာနှင့် မုန်းတတ်တာမှာ ချစ်တတ်ကြတာကိုပဲ အားပေးလိုပါတယ်။ ဒါပေမယ့် အရမ်းလည်းမချစ်ကြပါနဲ့၊ အရမ်းလည်းမပေါ့ကြနဲ့လို့သာ တိုက်တွန်းလိုက်ရပါတယ်။ ။

ရန်ကုန်တိုင်းအတွင်း မြို့နယ်၊ ရပ်ကွက်များ ခြင်းရုံများမှ သမ္ဘာရင့်သက်ကြီးခြင်းလုံးခတ် ဘဘကြီးများ ၂၁ဦးနှင့် စမ်းချောင်းမြို့နယ် ခြင်းလုံးခတ်ပညာရှင်များပါ ၁၅ဦး စုစုပေါင်း ၃၆ဦးတို့ကို ၁၃၇၁ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ နံနက်က အဌမအကြိမ်မြောက် ဂါရဝပြုပူဇော်ကန်တော့ပွဲကို စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း(တောင်)ရပ်ကွက် ကျွန်းတောလမ်း ခြင်းလုံးအားကစားရုံ၌ ကျင်းပရာ ကန်တော့ခံအသက်ကြီးဆုံး ဦးပွ (၈၉)နှစ်အား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင် (သုဓမ္မမဏိဇောတဓရ)က ဂါရဝပြုကန်တော့စဉ်။ (သတင်းဖော်ပြပြီး) (ခြင်းလုံးအဖွဲ့ချုပ်)

စမ်းချောင်း အထက(၄) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

အထက(၄) စမ်းချောင်းမှ သက်ပြည့်အငြိမ်းစား ကန်တော့ခံ ဆရာ ဆရာမကြီး ၃၄ဦးတို့အား (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျောင်း၏ တော်ဝင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူများအနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးခင်မောင်တိုး ဖုန်း-၀၉-၉၉-၂၃၆၉၉၊ ဦးမြတ်ဦး ဖုန်း-၀၉-၅၁-၈၇၀၆၆နှင့် ဦးသန်းအောင် ဖုန်း-၀၉-၅၁-၇၇၀၅၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လုပ်ငန်းခွင်အသုံးချ Essential Networking ရက်တိုသင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၆

တိုးတက်ပြောင်းလဲလာသော Computer Networking နည်းပညာရပ်များ လက်တွေ့အသုံးပြုမှုများအတွက် လက်တွေ့ထိရောက်သော အနီးကပ်ရက်တိုသင်တန်းကို နေပြည်တော်၌ နိုဝင်ဘာ ၁၄ရက်နှင့် ၁၅ရက်များတွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

ပို့ချမည်

ရုံးအဖွဲ့အစည်းများ၊ ကုမ္ပဏီလုပ်ငန်းခွင်များတွင် မဖြစ်မနေအသုံးပြုနေသည့် နည်းပညာရပ်လည်းဖြစ်သည်။ အဆိုပါသင်တန်းကို Linn IT Solution Center (နေပြည်တော်)၊ Assembler၊ Compu Tech၊ M.S.T၊ BizNet စသော Computer Center ငါးခုမှ အတွေ့အကြုံရှိသော Professional များက သင်ကြားပို့ချကြမည်ဖြစ်သည်။

စုံစမ်းနိုင်

သင်တန်းနှင့်ပတ်သက်ပြီး အသေးစိတ်သိလိုပါက Linn IT Solution Center အမှတ် ၁၁၇ သပြေကုန်းရပ်ကွက် နေပြည်တော် ဖုန်း-၀၆၇-၄၁၄ ၈၈၄၊ ၀၆၇-၄၁၄၈၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



အမျိုးသားနေ့ အကြိုဟောပြောပွဲ မအူပင် အထက(၁)၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

မအူပင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် မအူပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ကြီးမှူးကျင်းပသည့် (၈၉)နှစ်မြောက် အမျိုးသားနေ့အကြိုဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက 'အမျိုးသားနေ့ပေါ်ပေါက်လာပုံ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်က 'မျိုးဆက်သစ်တို့ တိုးတက်ရေး' ခေါင်းစဉ် ဖြင့်လည်းကောင်း၊ စာရေးဆရာ ကျင်ဝင်းငြိမ်း(မအူပင်)က 'အမျိုးသားနေ့ အမျိုးသားစိတ်ဓာတ်နှင့် အမျိုးသားနိုင်ငံတော်သစ် တည်ဆောက်ရေး' ခေါင်းစဉ်များဖြင့် လည်းကောင်း ဟောပြောကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုလေ့လာ

ဟောပြောပွဲအပြီးတွင် မအူပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် ဓာတ်ပုံ၊ နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရုံးလုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းဆင်းပွဲ ဟိုတယ်/ခရီးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ် (၃/၂၀၀၉)ဆင်းပွဲကို ယမန်နေ့ နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အောင်လက်မှတ်ပေးအပ်

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများအား ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၂၀နှင့် နေပြည်တော် ဟိုတယ်ဇုန်ရှိဟိုတယ်များမှ ဝန်ထမ်း ခြောက်ဦးသို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ရုံးလုပ်ငန်းဆိုင်ရာမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၀၉) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တမူးမြို့၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

တမူး နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့နယ် စန္ဒကူးရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းခန်းမတွင် အောက်တိုဘာ ၂၄ရက် မွန်းလွဲ ၂နာရီက မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကောင်းစံဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြတ်မိုးက မူခင်းကျဆင်းရေးအတွက် ပြည်သူနှင့်ရဲ လက်တွဲပူးပေါင်းပါဝင်ရန် လိုအပ်ပုံကိုလည်းကောင်း၊ ဒုတိယရဲမှူး ဇော်ဝင်းက မူခင်းကျဆင်းရေးနှင့်ပတ်သက်၍လည်းကောင်း၊ ခရိုင်မူးယစ်(အထူး)အဖွဲ့မှ ဒုတိယရဲမှူးနေဝင်းက မူးယစ်ဆေးဝါး သုံးစွဲမှု၏ဆိုးကျိုး၊ သယ်ဆောင်ရောင်းဝယ်ဖြန့်ဖြူးသူတို့အတွက် ပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးကျော်သောင်းအောင်က တရားစီရင်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင့်ဇော်က မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း ပညာပေးဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်များ ကံမမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ကံမ နိုဝင်ဘာ ၆

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၀ရက်က ခြောက်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ညွန့်က ကျောင်းသား ကျောင်းသူများ၏လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကံမမြို့ အထကကျောင်းနှင့် ရေနံ့သာတိုက်နယ် အထကကျောင်းများတွင်လည်း ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဟသ္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဥက္ကဋ္ဌမှူး ဦးမြင့်သန်းနှင့် ဝန်ထမ်းများ အောက်တိုဘာ ၂၈ရက်က ဟသ္သာတမြို့ ဗိုလ်မြတ်ထွန်းလမ်း မြို့ဝင်ဆိုင်းဘုတ်အနီးတွင် ပန်းအလှပင်များဖြင့် မြေယာရှုခင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သုတပန်းခင်း စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

ကျိုင်းတုံ နိုဝင်ဘာ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာ သုတပန်းခင်း စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုအခြေအနေကို အောက်တိုဘာ၃၁ရက်က ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုး၊ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်းနှင့် ပြည်နယ်ရုံး ဒုတိယဦးစီးမှူး ဦးအောင်စန်းမြင့်တို့က သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးနွဲ့စိုင်းက လက်ခံယူကြောင်းသိရသည်။ (ခရိုင် ပြန်/ဆက်)

ပြည်သူများ သွားရောက်လေ့လာသင့်သည့် ခေတ်မီအီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းပြပွဲ

တွေ့/မေး - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု- ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၆

ကုန်စည်ပြပွဲများ ကျင်းပနိုင်မှုက ပြည်သူများအတွက် အဆင်ပြေသည်။ ပြသရောင်းချသူများအတွက်လည်း ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရသည့်အတွက် အကျိုးရှိသည်။ နိုင်ငံအတွက်လည်း တည်ငြိမ်အေးချမ်းမှုနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်မှုတစ်ရပ်လည်း ဖြစ်သည်။

"ပြည်သူတွေ စိတ်တိုင်းကျ အခမဲ့ဝင်ရောက်ပြီး လွတ်လပ်စွာ လေ့လာဝယ်ယူနိုင်ပါတယ်"

ဒေါ်ရွှေစင်ဝင်း

ထိုသို့သော ကုန်စည်ပြပွဲဖြစ်သည့် **"ပွင့်လင်းရာသီပထမအကြိမ် ခေတ်မီအီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းများပြပွဲ"**ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၁၄ရက်မှ ၁၇ရက်အထိ ခင်းကျင်းပြသတော့မည်ဖြစ်သည်။

ယင်းပြပွဲနှင့်ပတ်သက်ပြီး ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ နိုဝင်ဘာ ၄ရက်က မီဒီယာရှင်းလင်းပွဲကျင်းပရာ မီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။ မြန်မာ့အလင်းသတင်းအဖွဲ့က ပြပွဲကို တာဝန်ယူ ကျင်းပသည့် Smart Business Group မှ ဒါရိုက်တာဒေါ်ရွှေစင်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"စစ်မှန်တဲ့အီလက်ထရွန်နစ်နဲ့ အိမ်သုံးပစ္စည်းတွေကို ပြည်သူတွေ ဈေးနှုန်းချိုသာစွာ ပင်ရင်းကုမ္ပဏီ၊ စက်ရုံနဲ့ တစ်ဦးတည်းကိုယ်စားလှယ်တွေထံမှ တိုက်ရိုက်ဝယ်ယူလို့ရအောင် စီစဉ်ပေးခြင်းဖြစ်ပါတယ်။ ပြည်သူတွေ စိတ်တိုင်းကျ အခမဲ့ဝင်ရောက်ပြီး လွတ်လပ်စွာ လေ့လာဝယ်ယူနိုင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အခွင့်အရေး

ပြပွဲ၌ အီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းများကို အမျိုးအစားစုံလင်စွာ ပြသပေးသွားမည်ဖြစ်ရာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ နာမည်ကြီး လူကြိုက်များသည့် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများကို ပြည်သူများအတွက် အထူးလျှော့ဈေး၊ မေတ္တာလက်ဆောင်များ၊ ကံစမ်းမဲများနှင့် ဝယ်ယူသည့်ကုန်ပစ္စည်းများကို အခမဲ့သယ်ယူပို့ဆောင်ပေးမှုများ အပြင် အချို့ကုန်ပစ္စည်းများကို အရစ်ကျငွေချေ စနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ ပြည်သူများအတွက် အခွင့်အရေးကောင်း တစ်ရပ်ပင် ဖြစ်သည်။

"ပြပွဲမှာ စုစုပေါင်း ပြခန်း ၁၄၀ရှိမယ်။ အဲဒီပြခန်းတွေထဲမှာ အီလက်ထရွန်နစ်နဲ့ လျှပ်စစ်ပစ္စည်းပြခန်းက ၆၀ရာခိုင်နှုန်းရှိပြီး အိမ်ဆောက်ပစ္စည်းနဲ့ အိမ်သုံးပစ္စည်းပြခန်းတွေက ၃၀ရာခိုင်နှုန်း ပါဝင်မယ်။ ကျန်တဲ့ အထွေထွေပြခန်းတွေက ၁၀ ရာခိုင်နှုန်းလောက် ခင်းကျင်းပြသမှာဖြစ်ပါတယ်"ဟု ဒေါ်ရွှေစင်ဝင်းက ဆက်လက်ရှင်းပြသည်။

ဖျော်ဖြေ

ပြပွဲကာလအတွင်း နေ့စဉ်စူပါစတားမော်ဒယ်လ်အဖွဲ့များကလည်း သရုပ်ဆောင်များနှင့်အတူ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်သည်။ ထို့အပြင် ပြပွဲအတွင်း ပြခန်းများ၌ ပြသထားသော ကုန်ပစ္စည်းများအား သရုပ်ပြ ရှင်းလင်းပြသပွဲများဖြင့် ပြပွဲလာ ပြည်သူများအား ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။

" ပြပွဲကို နေ့စဉ် နံနက် ၉နာရီမှ ညဖနာရီအထိ ဖွင့်လှစ်ပြသပေးမှာဖြစ်ပြီး ပြည်သူတွေအနေနဲ့ စိတ်တိုင်းကျ စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်အောင် ဝန်ဆောင်မှုတွေအတတ်နိုင်ဆုံး ဖြည့်ဆည်းပေးထားပါတယ်။ လာရောက်လေ့လာသူတွေအတွက် ကုန်ပစ္စည်းအမျိုးအစားအသစ်တွေလည်း ပြခန်းတိုင်းမှာ ပြသထားတာမို့ ဗဟုသုတများစွာ ရရှိစေမှာဖြစ်ပါတယ်။ လာရောက်ဝယ်ယူသူတွေအတွက်ကတော့ ပစ္စည်းမျိုးစုံကို တစ်နေရာတည်းမှာ အချိန်တိုတိုအတွင်း ရွေးချယ်ဝယ်ယူနိုင်တာမို့ အဆင်ပြေကြမှာပါ"ဟု ဒေါ်ရွှေစင်ဝင်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ပြသ

ယခုနှစ် ပွင့်လင်းရာသီ ပထမအကြိမ် Electronic & Homeware Exhibition (ခေတ်မီအီလက်ထရွန်နစ်နှင့် အိမ်သုံးပစ္စည်းပြပွဲ)တွင် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ၊ အိမ်၊ ရုံးနှင့် စက်ရုံသုံး လျှပ်စစ်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာသင်တန်းများ၊ မိုဘိုင်းလ်ဖုန်းနှင့် အထွေထွေ ဆက်သွယ်ရေးပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးသုံး အီလက်ထရွန်နစ်ဆက်စပ်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ စသည့် ပြခန်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

လေ့လာသင့်

ထို့ကြောင့် ယနေ့လူနေမှုဘဝတွင် အီလက်ထရွန်နစ်ပစ္စည်းများနှင့်ကင်းကွာ၍ မရတော့သည်ဖြစ်ရာ စိတ်ဝင်စားဖွယ် စုံလင်စွာပြသထားသည့် ခေတ်မီ အီလက်ထရွန်နစ် အိမ်သုံးပစ္စည်းပြပွဲသို့ သွားရောက် လေ့လာသင့်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အမှတ်(၂) စက်ရေတွင်းပြင်ဆင်ဆောင်ရွက်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဒုတိယအကြိမ် သက်ကြီး ဝါရင့်အားကစားကလောင်ရှင်ကြီးများအား ဂုဏ်ပြုကန်တော့ပွဲတွင် ကန်တော့ခံ အားကစားကလောင်ရှင်ကြီးများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် အမှုဆောင်များနှင့် တွေ့ရစဉ်။
(မြန်မာ့အလင်း)

မြန်မာ့အားကစား ကလောင်စွမ်းအားဖြင့် ဆက်လက်မြှင့်တင်

ဂါရဝေါစ နိဝါတောစ 'ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာ တစ်ပါးဖြစ်သည်။'

မြန်မာလူမျိုးတို့သည် ငယ်စဉ်ကာလမှစတင်၍ ၃၈ဖြာ မင်္ဂလာတရားတော်နှင့်အညီ ယဉ်ပါးကာ ကြီးပြင်းလူလားမြောက်ခဲ့ကြသူများဖြစ်သည်။

လေးစားတန်ဖိုးထား

မြန်မာ့လူမှုရေး နယ်ပယ်တွင် **'ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား'** ဟူသည့် စကားနှင့်အညီ တစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားတန်ဖိုးထား ဆက်ဆံခဲ့ကြသည်။

ထို့ကြောင့် အသက်အားဖြင့် တစ်နေ့တစ်ရက် တစ်နံနက်ပင် ကြီးသူကိုဖြစ်စေ ရိုသေလေးစား ဂါရဝထားတတ်ကြသည်မှာ မြန်မာတို့၏ ချစ်ကြည်နှစ်လိုဖွယ် ဓလေ့တစ်ရပ်ဖြစ်သည်။

ကြည်နူးဖွယ်

သီတင်းဝါလ ကျွတ်ချိန်တွင် သက်ကြီးဘိုးဘွား၊ မိဘ၊ ဆရာသမားတို့အား သားသမီး မြေး မြစ်များ၊ တပည့်ကျောင်းသူ ကျောင်းသားများက ပူဇော်ကန်တော့ကြသည့် မြင်ကွင်းများသည် သမိုင်းစဉ်ဆက် ယနေ့ထက်တိုင်ကြည်နူးဖွယ်မြင်တွေ့နေရသည်။

ထို့အတူ စာပေလောကမှ စာပေဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့ကြသည့် သက်ကြီး စာပေပညာရှင်ကြီးများအား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)မှ ကြီးမှူးကာ ပူဇော်ကန်တော့ပွဲကို နှစ်စဉ်မပျက် တခမ်းတနား ကျင်းပလျက်ရှိနေသည်။

ဂုဏ်ပြု

ယင်းကဲ့သို့သော ကောင်းမြတ်သည့် အစဉ်အလာနှင့်အညီ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်မှလည်း အသက် ၇၀နှင့်အထက် သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများအား ဂုဏ်ပြုကန်တော့ပွဲကို ယမန်နှစ်မှ စတင်ကာ ကျင်းပခဲ့သည်။

ယခုနှစ် ဒုတိယအကြိမ် သက်ကြီးဝါရင့် အားကစားကလောင်ရှင်များအား ဂုဏ်ပြုကန်တော့ပွဲကို နိုဝင်ဘာ ၁ရက် နံနက်က အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့် တက်ရောက်ဂါရဝပြုကန်တော့ပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ ဂုဏ်ပြုကန်တော့ငွေကျပ် ၁၅သိန်းကို ပေးအပ်သည်။ ဂုဏ်ပြုကန်တော့ပွဲတွင် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်နှင့် အလှူရှင်များကလည်း ငွေ နှင့် ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

တိုးတက်မြင့်မားရေး

ဂုဏ်ပြုကန်တော့ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား ပြောကြားရာတွင် မြန်မာ့အားကစားသည် ၁၉၆၀မှ ၁၉၇၅ခုနှစ် ကာလအတွင်း အအောင်မြင်ဆုံးဖြစ်ကာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြကြောင်း၊ ၁၉၉၁ခုနှစ်က ဘရူနိုင်း၌ ကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောက်ဆုံးအဆင့်သို့ ကျရောက်ခဲ့ရကြောင်း၊ ယခုအခါ မြန်မာ့အားကစားသည် အတော်အသင့် တိုးတက်လာသည်ကို တွေ့ရကြောင်း၊ အားကစား ကလောင်ရှင်ကြီးများအနေဖြင့် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆက်လက် ရေးသားသွားကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသွားသည်ကို ကြားလိုက်မိပါသည်။

ဂုဏ်ပြုကန်တော့ခံ သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများကိုယ်စား ဆရာစစ်ကိုင်းကြည်ညွန့်က သြဝါဒစကားပြန်လည်ပြောကြားရာတွင် ဝန်ကြီး၏ အားပေး တိုက်တွန်းစကားကြောင့် အားတက်ရပါကြောင်း၊ ယခု မိမိ အသက်၇၉နှစ်ရှိပြီဖြစ်ရာ အသက်ဝပြည့်ပါက စာမရေးသားတော့ရန် စဉ်းစားခဲ့ကြောင်း၊ ယခုမူ ဝန်ကြီး၏ အားပေးစကားကြောင့် ခါးကုန်းသည့်တိုင် လက်မတုန်သေးပါက ဆက်လက်ရေးသားသွားမည်ဖြစ်ပါကြောင်း အားမာန်အပြည့်ဖြင့် ပြောကြားသွားသည်။

ဂုဏ်ပြုကန်တော့

ယခုနှစ် ဂုဏ်ပြုကန်တော့ပွဲတွင် ဆရာစစ်ကိုင်းကြည်ညွန့်၊ မိုးမိုးတာရောစန်၊ မောင်ရဲဝင်း၊ ခင်မောင်ထွေး(ပျဉ်းမနား)၊ ထင်အောင်(ကာယပညာ)၊ တက္ကသိုလ်ကိုကိုကြီး၊ တက္ကသိုလ်စိုးဝင်းနှင့် ဘာမထီ ခင်အောင်တို့ရှစ်ဦးအား ဂုဏ်ပြုကန်တော့ခဲ့ကြပြီး ကျန်ကန်တော့ခံ ပုဂ္ဂိုလ်နှစ်ဦးဖြစ်သည့် လင်းရောင်(မင်းလှ)နှင့် ဗဟိုသိမ်းဆောင်တို့ တက်ရောက်နိုင်ခြင်း မရှိခဲ့ပေ။

ယမန်နှစ် ပထမအကြိမ် သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများ ဂုဏ်ပြုကန်တော့ပွဲတွင် တက်ရောက်ခဲ့ကြသည့် ကန်တော့ခံပုဂ္ဂိုလ် ၁၂ဦးအနက် ဆရာငြိမ်း နှင့် မောင်ဆုရှင်တို့နှစ်ဦးမှာမူ ကွယ်လွန်သွားခဲ့ကြပြီဖြစ်သည်။

ထက်မြက်တက်ကြွ

ကန်တော့ခံ သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများသည် ၎င်းတို့၏ ကလောင်သက်တစ်လျှောက် မြန်မာ့အားကစားတိုးတက်ရေးအတွက် အားကစားနည်းအဖုံဖုံကို ရှုထောင့်အသွယ်သွယ်မှ တစိုက်မတ်မတ် ဝေဖန်သုံးသပ်ရေးသားတင်ပြခဲ့ကြသူများ ဖြစ်သည်။ ဆရာစစ်ကိုင်းကြည်ညွန့်ဆိုလျှင် ဘေးတစ်ဖက်တစ်ချက်မှ အားကောင်းမောင်းသန်လူနှစ်ဦးက ဖေးမတွဲခေါ်မှသာ သွားလာနိုင်သော်လည်း ဘောလုံး၊ ဂေါက်သီး၊ တင်းနစ် အားကစားဆောင်းပါးများကို အားကစားဂျာနယ်တွင် အပတ်စဉ် ရေးသားနေဆဲဖြစ်သည်။ အားကစားစိတ်ဓာတ်ကား ထက်မြက်တက်ကြွနေဆဲပင် ဖြစ်သည်။

မြင့်ဆွေမြင့်

ထို့အတူ ဆရာခင်မောင်ထွေး (ပျဉ်းမနား)ဆိုလျှင်လည်း သွားလေရာတွင် တုတ်ကောက်ကိုအဖော်ပြုကာ သွားလာနေရသော်လည်း အားကစားဂျာနယ်စာမျက်နှာများထက်၌ ဆရာ၏ဆောင်းပါးများကို စဉ်ဆက်မပြတ် တွေ့ရှိနေရဆဲဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ စည်းကမ်းထိန်းသိမ်းရေးကော်မတီတွင်လည်း အဖွဲ့ခေါင်းဆောင် အဖြစ်တက်ကြွစွာ တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရသည်။

တစိုက်မတ်မတ်ရေးသား

မြန်မာ့ဘောလုံး ရွှေခေတ်တွင် ဘောလုံးလောက၌ ထဲထဲဝင်ဝင် ဝင်ရောက်ရင်း ကမ္ဘာ့ဘောလုံး၊ မြန်မာ့ဘောလုံးအကြောင်းများသာမက ကျန်အားကစားနည်းများကိုပါ တစိုက်မတ်မတ်ရေးသားခဲ့သူ ဆရာမောင်ရဲဝင်း၊ ဆရာတက္ကသိုလ်ကိုကိုကြီးတို့၏ ဆောင်းပါးများသည် ယနေ့ထက်တိုင် အားကစားဂျာနယ် စာမျက်နှာများထက်၌ တွေ့မြင်နေရဆဲဖြစ်သည်။

ဆက်လက်မြှင့်တင်

အသက် ၇၀ကျော် အရွယ်တော် တစ်စိတ်ဟိုင်း၍ ဇရာပိုင်းသို့ ချင်းနင်းရောက်ရှိလာသော်လည်း ဆရာ့ ဆရာတို့၏ လက်ရာများမှာကား သွက်လက်လျက် အားမာန်ရှိနေဆဲပင် ဖြစ်ပါသည်။ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးတွင် ကျရာနေရာ အခန်းကဏ္ဍမှ ပါဝင်ခဲ့၊ ပါဝင်ဆဲ၊ ပါဝင်နေကြဦးမည်သာဖြစ်သည်။ အသက်အရွယ်ကြောင့် မျက်စိမှုန်ဝေ ခါးကုန်းနေသော်လည်း ဆရာတို့၏ ကလောင်များကား တုံးမသွားသေးပါ။ မြန်မာ့အားကစားကို ကလောင်စွမ်းအားဖြင့် ဆက်လက်မြှင့်တင်နိုင်ကြဦးမည်သာ ဖြစ်ပါသည်။ ။

(မြန်မာ့အလင်း)

ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် (၁၅)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အသင်းလိုက်စစ်တုရင်ပြိုင်ပွဲကို လာမည့် ဒီဇင်ဘာ ၃ရက်မှ ၁၂ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် ဝန်ကြီးဌာနအသင်းများ၊ ဝန်ကြီးဌာနကိုယ်စားပြု ဦးစီးဌာနများသည် ဒီဇင်ဘာ ၁ရက် နောက်ဆုံးထား၍ သတင်းပေးပို့ရန်နှင့် ဒီဇင်ဘာ ၂ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်၌ ကျင်းပမည့် အသင်းခေါင်းဆောင်များ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရမည်ဟု သိရသည်။

(၁၅)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အသင်းလိုက်စစ်တုရင်ပြိုင်ပွဲတွင် ပထမတန်း အသင်းလိုက်ပြိုင်ပွဲ၊ ဒုတိယတန်း အသင်းလိုက်ပြိုင်ပွဲ၊ တတိယတန်း အသင်းလိုက်ပြိုင်ပွဲနှင့် ၂၅မိနစ် အမြန်ရွှေ့အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ***(စစ်တုရင်အဖွဲ့ချုပ်)***

မြန်မာ့အလင်း နောက်ဆုံးရ အားကစားသတင်းတိုများ

မောင်မောင်မြင့်ဆွေ စုစည်းသည်

ချယ်လ်ဆီးနှင့် ပွဲတွင် မန်ယူ၌ ဖာဒီနန်၊ ဖလက်ချာနှင့် ဝက်စ်ဘရောင်းတို့ မပါဝင်နိုင်

ပရီမီယာလိဂ် ပွဲစဉ်(၁၂)အဖြစ် ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ကစားရမည့် မန်ယူအသင်းတွင် ဖာဒီနန်၊ ဝက်စ်ဘရောင်း၊ ဖလက်ချာတို့ ဒဏ်ရာများ ရရှိနေသဖြင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း မန်ယူကလပ်က နိုဝင်ဘာ ၆ရက်၌ သတင်းထုတ်ပြန်သည်။

ဘာမင်ဂမ်နှင့်ပွဲ၌ တောရက်စ် ပါဝင်နိုင်ဖွယ်မရှိ

ပရီမီယာလိဂ် ပွဲစဉ်(၁၂)အဖြစ် ဘာမင်ဂမ်ကို အိမ်ကွင်း၌ လက်ခံကစားရမည့်ပွဲ၌ တိုက်စစ်မှူး တောရက်စ် အူကျရောဂါ ခွဲစိတ်ကုသရန် စစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်ရာ ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း လီဗာပူးကလပ်က နိုဝင်ဘာ ၆ရက်၌ သတင်းထုတ်ပြန်သည်။

ချယ်လ်ဆီးနှင့်ပွဲ ခက်ခဲမည်ဟု ဖာဂူဆန်ခန့်မှန်း

စတမ်းဖို့ဒ်ဘရစ်ကွင်း၌ ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်(၁၂)သည် မိမိတို့အတွက် ခက်ခဲသော ပွဲစဉ်ဖြစ်ကြောင်း၊ သို့သော် မန်ယူအသင်းသည် အခက်အခဲအကျပ်အတည်းများမှ ကျော်လွှားနိုင်သည့် အသင်းဖြစ်ကြောင်း နည်းပြ ဖာဂူဆန်က နိုဝင်ဘာ ၆ရက်၌ ထုတ်ဖော်ပြောကြားသည်။

အာဆင်နယ်အား မမျှော်လင့်သည့်ရလဒ် လုပ်ဆောင်ပြမည်ဟု ဝုလ်ဗက်စ်နည်းပြ ပြောကြား

အာဆင်နယ်နှင့် ယှဉ်ပြိုင်ကစားရမည့် ဝုလ်ဗက်စ်အသင်း နည်းပြ မက္ကာသေးက မမျှော်လင့်သော ရလဒ်ကို လုပ်ဆောင်ပြမည်ဖြစ်ကြောင်း နိုဝင်ဘာ ၆ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

ဂျရတ်နှင့် တောရက်စ်တို့ မပါဝင်နိုင်သဖြင့် ဘင်နီတက်ဇ် စိတ်ပျက်နေရ

မိမိတို့ အန်ဖီးလ်ကွင်း၌ ဘာမင်ဂမ်အသင်းကို လက်ခံကစားရမည်ဖြစ်သော်လည်း အသင်း၏ အဓိကကစားသမားများဖြစ်သော ဂျရတ်နှင့် တောရက်စ် မပါနိုင်မှုကြောင့် စိတ်ပျက်ရကြောင်း ဘင်နီတက်ဇ်က နိုဝင်ဘာ ၆ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပွဲပယ်ပြစ်ဒဏ်ခံပြီးနောက် ဆန်းဒါးလန်းတိုက်စစ်မှူး ဂျုန်း ပြန်ကစားမည်

ဝက်စ်ဟမ်းနှင့်ပွဲတွင် အနီကတ်ပြ အထုတ်ခံခဲ့ရသော ဆန်းဒါးလန်းတိုက်စစ်မှူး ကင်ဝိန်းဂျုန်းသည် ပွဲပယ်ပြစ်ဒဏ်ခံရပြီးနောက် နိုဝင်ဘာ ၇ရက်၌ ကစားမည့် စပါးနှင့်ပွဲ၌ ပြန်လည်ပါဝင်ကစားမည်ဖြစ်ကြောင်း ဆန်းဒါးလန်းကလပ်မှ နိုဝင်ဘာ ၆ရက်၌ သတင်းထုတ်ပြန်သည်။

တန်းစီဇယားကို ဆက်လက်စိုးမိုးမည်ဟု အန်ဆယ်လော့တီ ပြောကြား

ပရီမီယာလိဂ် ပွဲစဉ်(၁၂)အဖြစ် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း မိမိတို့အသင်း အောင်ပွဲခံပြီး တန်းစီဇယားထိပ်ဆုံးကို ဆက်လက်စိုးမိုးထားမည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက နိုဝင်ဘာ ၆ရက်၌ ပြောကြားသည်။

နစ္စတယ်ရိုင်းကို စပါးအသင်း ခေါ်ယူသွားမည်

မန်ယူ တိုက်စစ်မှူးဟောင်းနှင့် ရီးရဲမက်ဒရစ် တိုက်စစ်မှူး နစ္စတယ်ရိုင်းသည် ယခုနှစ် ဘောလုံးရာသီကုန်၌ ရီးရဲမက်ဒရစ်နှင့် စာချုပ်သက်တမ်း ကုန်ဆုံးပြီဖြစ်ရာ စပါးအသင်းက ခေါ်ယူရန်ကြိုးစားနေကြောင်း စပါးကလပ်က နိုဝင်ဘာ ၆ရက်၌ သတင်းထုတ်ပြန်သည်။

မန်ယူနှင့်ပွဲ၌ ချယ်လ်ဆီးနောက်ခံလူ ဘော့ဆင်ဝါ ဒဏ်ရာကြောင့် ပါဝင်နိုင်ဖွယ်မရှိ

ချယ်လ်ဆီးနောက်ခံလူ ဘော့ဆင်ဝါသည် ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ရာ မန်ယူနှင့်ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ချယ်လ်ဆီးကလပ်က နိုဝင်ဘာ ၆ရက်၌ သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ကျောက်ချောခင်း

အောက်တိုဘာ ၉ရက်က ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွက် သစ်ခွလမ်း ကျောက်ချောခင်းလုပ်ငန်းခွင်သို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဌေးကြွယ်က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

နီလာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်း မအေးအေးမော် ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၁၁ ညအိပ် ၁၂ ရက်-ဗုဒ္ဓဂယာ-သံဝေဇနီယလေးဌာန(ဖွား-ပွင့်-ဟော-စံ) ကိုးသိန်း စရိတ်ငြိမ်း(အိန္ဒိယလေကြောင်းလိုင်း)

၁၇ ညအိပ် ၁၈ ရက်-သံဝေဇနီယလေးဌာန-အဝိဇဟိတလေးဌာန-နယူးဒေလီ (3 Stars Hotel)-(တပ်ချ်မဟာ-ဝင်ကြေး)- ကိုလ်ကတ္တား (Shopping+ဗဟုသုတ ရစရာနေရာများ) ကျပ် ၁၀သိန်း ၅သောင်း စရိတ်ငြိမ်း (အိန္ဒိယလေကြောင်းလိုင်း)

ဖော်ပြပါ ခရီးစဉ်တိုင်းတွင်သတ်မှတ်နှုန်းထက်ပိုမိုတောင်းခံခြင်း မရှိကြောင်း အာမခံပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့် နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ တစ်သိန်းသာ ပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ ခရီးစဉ် မလိုက်ဖြစ်ပါက စရန်ငွေ(လုံးဝ) မဆုံးရှုံးပါ။

နိုင်ငံကူးလက်မှတ်ရှိပြီးသူတစ်ဦးလျှင် ကျပ်နှစ်သောင်း တိတိလျှော့ပေးပြီး နိုင်ငံကူးလက်မှတ် မရှိသူများ အနည်းဆုံး ၃၅ရက် ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါသည်။

နီလာဘုရားဖူးအဖွဲ့၏ ကျင်းပမြဲဖြစ်သော နှစ်သစ်ကူး အထူးကံစမ်းမဲအစီအစဉ်

၂၉-၁-၂၀၁၀ရက်၌ ထွက်ခွာမည့် ၁၈ရက်ခရီးစဉ်တွင် လိုက်ပါမည့် ဘုရားဖူးများအား အထူးဆု ဗုဒ္ဓဂယာသို့ တစ်ဦးအခမဲ့လိုက်ပါခွင့်၊ လေယာဉ်လက်မှတ် သုံးစောင်နှင့် အခြားဆုမဲပေါင်းများစွာကို ကံစမ်းပေးဦးမည်ဖြစ်ကြောင်းကို ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

ထွက်ခွာမည့်ရက် -နိုဝင်ဘာလတွင် (၁၃၊ ၁၄၊ ၂၇၊ ၃၀)ရက်။ ဒီဇင်ဘာလတွင် (၄၊ ၁၁၊ ၁၄၊ ၁၈၊ ၂၅၊ ၂၈)ရက်။ ဇန်နဝါရီလတွင် (၈၊ ၁၁၊ ၁၅၊ ၂၂၊ ၂၅၊ ၂၉)ရက်။ ဖေဖော်ဝါရီလတွင် (၅၊ ၈၊ ၁၂၊ ၁၉၊ ၂၂၊ ၂၆)ရက်။ မတ်လတွင် (၅၊ ၈၊ ၁၂၊ ၁၉၊ ၂၂၊ ၂၆)ရက်။ ဧပြီလတွင် (၂၊ ၅၊ ၉၊ ၁၆၊ ၁၉၊ ၂၃၊ ၃၀)ရက်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃။

ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အထူးအစီအစဉ်ဖြင့် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ပေးမည်

သာသနာရေးဝန်ကြီးဌာန သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ)ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် ၂၀၀၉-၂၀၁၀ခုနှစ်တွင် ဆက်လက်ပို့ဆောင်ခွင့်ရရှိသော ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့သည် (၁၁ညအိပ်၁၂ရက်)ဘုရားဖူးခရီးစဉ်ကို ရန်ကုန်-ဂယာတိုက်ရိုက်လေယာဉ်ခရီးစဉ်ဖြင့် သံဝေဇနီယလေးဌာန (ဖွား-ပွင့်-ဟော-စံ)စသော ဗုဒ္ဓဝင်နေရာတော်များသို့ လေအေးစက်ပါ အဆင့်မြင့်မော်တော်ယာဉ်ကြီးများဖြင့် စိတ်ချမ်းသာစွာ လှည့်လည်ကြည်ညို ဖူးမြော်နိုင်ကြမည်။ ဘုရားဖူးခရီးစဉ်၌ အဆင့်မီ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ တည်းခိုကြရမည်ဖြစ်ပြီး မြန်မာ့အစားအစာများကို ဘုရားဖူးအဖွဲ့မှ စီစဉ်ကျွေးမွေးပါမည်။ ပတ်(စ)ပို့၊ ဗီဇာ၊ လေယာဉ်လက်မှတ်၊ စာရွက်စာတမ်းကြေးများ ပါဝင်ပြီး မိမိသွားလိုသည့်ရက်များကို ရွေးချယ်၍ စာရင်းပေးသွင်းနိုင်ပါသည်။

အထူးအစီအစဉ် ဘုရားဖူး(၁၆)ဦး စာရင်းပေးသွင်းပါက ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ရန်ကုန်-ဂယာလေယာဉ်လက်မှတ်(သွား/ပြန်)တစ်စောင်ကို မေတ္တာလက်ဆောင် ချီးမြှင့်ပေးပါမည်။

ဆက်သွယ်ရန်လိပ်စာ- ရန်ကုန်ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ အမှတ် ၅၅၊ ၁၇လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၇၇၀၂၊ ၂၂၇၇၀၃၊ ၂၂၅၉၁၅၊ ၂၂၅၉၈၉၊ သာသနာရေးဝန်ကြီးဌာနရှိ ရုံးခန်း ဖုန်း- ၀၁-၆၆၅၃၈၃တို့သို့ အမြန်ဆုံးဆက်သွယ် စုံစမ်းနိုင်ပါသည်။



အမှတ်(၆)အထက ပုသိမ်မြို့ St: Joseph's Convent (R.C.M)

စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

အမှတ်(၆) အထက ပုသိမ်မြို့၊ ယခင် St: Joseph's Convent (R.C.M) ကျောင်း၏ ကျောင်းသား ကျောင်းသူဟောင်းများစုစည်းပြီး ကျောင်းစတင်တည်ထောင်သည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးမောင်မောင်	ဖုန်း-၀၉-၅၀၁-၁၆၅၅
ဦးမြင့်နိုင်(ခ)ဦးဘွန်စိန်	ဖုန်း-၀၉-၅၁၂-၃၄၁၁
ဦးညွန့်စိန်	ဖုန်း-၀၉-၉၉-၂၈၇၈၃၊ ၂၂၄၄၈၈
ကိုမင်းမင်းမောင်	ဖုန်း-၀၉-၅၀၁-၅၁၁၃
ပေါ့ပေါ့(ခ)ဒေါ်အုန်းမြင့်	ဖုန်း-၀၉-၅၀၁-၄၁၆၆
ဒေါက်တာစိုးနိုင်	ဖုန်း-၀၄၂-၂၄၃၈၀၊ ၀၉-၅၁၀-၁၇၀၇
ဦးလှဝင်း	ဖုန်း-၀၄၂-၂၄၇၂၉၊ ၀၉-၅၁၄-၇၂၇၄
ဒေါ်ခင်မြင့်	ဖုန်း-၀၄၂-၂၂၈၂၄
ကိုမျိုးဟန်	ဖုန်း-၀၄၂-၂၄၆၃၄
ကိုသန်းဇော်ဝင်း	ဖုန်း-၀၉-၅၂၀-၂၂၁၂



ရောင်းမည်

တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းမကြီးအနီး ဈေးနီး၊ကျောင်းနီး ဆေးသုတ်ပြီးအသင့်နေ ပေ(၂၀×၆၀) B/N နှစ်ထပ်၊ ရေ၊ မီးစုံ၊ အိပ်ခန်းသုံးခန်း၊ အိမ်သာ၊ ရေချိုးခန်း နှစ်ခန်း၊ လမ်းကျယ်။

ဖုန်း-၀၉-၅၁၄-၄၅၄၇။

လင်မယားအဖြစ်မှ ကွာရှင်းပြီးစီးခြင်း

ကျွန်တော် ကိုမိုးမင်းထွန်း ၁၃/သပန (နိုင်)၀၂၇၈၈၆နှင့် မဖြူပြာသန်း ၁၃/သပန (နိုင်)၀၅၆၃၁၅ တို့သည် ၃၀-၁၀-၂၀၀၉ ရက်တွင် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ **ကိုမိုးမင်းထွန်း ၁၃/သပန(နိုင်)၀၂၇၈၈၆။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုင်းအုန်းကျော်၏ ၁၃/မဆတ(နိုင်)၀၃၂၈၈၈၊ ယာဉ်မောင်းလိုင်စင် ခ/၂၀၇၃၊ ပိုက်ဆံအိတ်နှင့် အရေးကြီးစာရွက်စာတမ်းများ ၄-၁၁-၂၀၀၉ ရက် ၂ နာရီတွင် လှိုင်သာယာစက်မှုဇုန်(၄)သို့သွားစဉ် တက္ကစီအဖြူရောင်ပေါ်၌ မေ့ကျန်ခဲ့ပါ၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၉-၂၀၄-၂၀၄၇၊ ၀၁-၆၅၄၀၄၄။

ဒေသနှင့်ကိုက်ညီသော ရော်ဘာမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူး စိုက်ပျိုးနိုင်ရေး နည်းပညာပေးလက်တွေ့ပြသ

ကွမ်းလုံ နိုဝင်ဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်တွင် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်)မှ ခရိုင်မန်နေဂျာ ဦးကြာဝင်းနှင့် ဝန်ထမ်းများသည် စက်တင်ဘာလမှစ၍ ကွမ်းလုံနှင့် ဟိုပန်မြို့နယ်အတွင်းရှိ ရော်ဘာပျိုးခင်းများထားရှိသော ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ပြီး တောင်သူတစ်ဦးချင်းနှင့်တွေ့ဆုံကာ ဒေသနှင့်ကိုက်ညီသော ရော်ဘာမျိုးကောင်း၊ မျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေးအတွက် နည်းပညာပေးခြင်း၊ လက်တွေ့ပြသခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကန်ပက်လက် ဝန်ထမ်းများလက်ဖက်ခင်းတွင် အသီးအရွက်များဆွတ်ခူး

ကန်ပက်လက် နိုဝင်ဘာ ၆

ချင်းပြည်နယ် ကန်ပက်လက်မြို့၌ ဝန်ထမ်းများစုပေါင်း၍လက်ဖက်ခင်းများတွင် လက်ဖက်အသီးနှင့်အရွက်ဆွတ်ခူးခြင်းတို့ကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်စင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၅၀ တို့ ပါဝင်ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် သာမန်လုပ်ငန်းဖြစ်သော ပန်းခြံအဝင်လမ်း ကွန်ကရစ်တံတား တည်ဆောက်မှုကို အောက်တိုဘာ ၁၂ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနား၌ တိုင်းရင်းဆေးပညာဆိုင်ရာ ကျောင်းကျန်းမာရေး ပညာပေးဟောပြော

မြစ်ကြီးနား အောက်တိုဘာ ၃၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တိုင်းရင်းဆေးဌာနမှ ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၃ရက် နံနက် ၉နာရီခွဲက အမှတ်(၆)အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ဆေးကုသ

ရှေးဦးစွာ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးဒေါင်ဖုန်းဆန်က အမှာစကားပြောကြားပြီး မိုးရာသီတွင်အဖြစ်များသော ရောဂါတစ်ခုဖြစ်သည့် တုပ်ကွေးရောဂါအကြောင်းနှင့် တိုင်းရင်းဆေးပညာဖြင့် ကျောင်းပတ်ဝန်းကျင်မှ ဆေးဖက်ဝင်အပင်များနှင့် ကာကွယ်ကုသနိုင်ကြောင်းတို့ကို တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးခန်းမှူး ဒေါ်ဖြိုးသူဇာအောင်က ဟောပြောပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၁၀ကို ဆေးကုသပြီး ကျောင်းကျန်းမာရေးစောင့်ရှောက်မှုပြုခဲ့သည်။ အလားတူ မွန်းလွဲ ၂နာရီတွင် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၌လည်း အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးသင်တန်း တာချီလိတ်၌ ကျင်းပ

တာချီလိတ် အောက်တိုဘာ ၃၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာနနှင့် တာချီလိတ်ခရိုင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရှေးဦးကလေးသူနာပြု စောင့်ရှောက်ရေးအဖွဲ့နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (ECCD) မူကြိုဆရာမများ သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက်က တာချီလိတ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းမြင့်နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုဝင်း**(အောက်ဝဲပုံ)** တို့က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ကြာမြင့်ခဲ့

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းရွှေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၃၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ (၀၁၆)

ဘိုးဘွားရိပ်သာသို့လှူဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအတွက် အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်များကို အောက်တိုဘာ ၁၉ရက်က လှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်းနှင့်အဖွဲ့ လက်ခံယူစဉ်။ (၁၀၅)

သီပေါမြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့လုံးကျွတ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သီပေါ နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်သန့်ရှင်းသာယာလှပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အတွင်းရေးမှူး ဦးဝင်းတင့် ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် မြို့ပေါ် ၁၁ရပ်ကွက်မှ ပြည်သူအင်အား ၁၅၀၀ကျော်တို့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီမှစတင်၍ မိုင်းပွန်လမ်း၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်လမ်း တစ်လျှောက်တို့တွင် လမ်းပခုံးများ၊ ချိုင့်ခွက်များ ပြေပြစ်ညီညာရေး ပြုပြင်ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာရုံးများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၊ မြို့နယ်စည်ပင်သာယာဈေး၊ အထက၊ အလက၊ အမက ကျောင်းများ၊ ဆေးရုံ ဆေးပေးခန်း၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၌ လုပ်ကွက်များ သတ်မှတ်ကာ သန့်ရှင်းသာ ယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ မြို့အင်္ဂါရပ်နှင့်အညီသန့်ရှင်းသာယာလှပရေးကိုရည်ရွယ်လျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

သီပေါမြို့ပေါ် ၁၁ ရပ်ကွက်တွင်လည်း သက်ဆိုင်ရာရပ်ကွက်ဥက္ကဋ္ဌများ၏ ဦးဆောင်မှုဖြင့် မိမိတို့နေအိမ်ရှေ့မျက်နှာစာ ချုံနွယ်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြောင်းများပြန် လည်တူးဖော် ဆောင်ရွက်ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သယ်ယာဉ်များဖြင့် စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်း စုပေါင်းဆောင်ရွက်ကြသည်။**(အောက်ပုံ)**

ကူညီဖြည့်ဆည်း

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ (၀၂၀)

ဆားလင်းကြီး၌ မိခင်နှင့်ကလေး အဆိုပြုလွှာပေးအပ်

ဆားလင်းကြီး အောက်တိုဘာ ၂၆

ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို အောက်တိုဘာ ၁၅ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့ ကြာအင်းကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

မိုးကောင်း နိုဝင်ဘာ ၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်းသည် မြို့နယ်ဥပဒေအရာရှိ ဒေါ်သန်းသန်းဆင့်၊ မြေစာရင်းဦးစီးဌာနမှ မြေတိုင်းစာရေး ဦးအောင်ဆန်းဦးတို့နှင့်အတူ အောက်တိုဘာ ၂၃ရက် နံနက် ၁၀ နာရီက ကြာအင်းကျေးရွာသို့သွားရောက်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဆွေးနွေးဟောပြော

ရှေးဦးစွာ ကြာအင်းကျေးရွာ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ တာဝန်ခံ မြို့နယ်ဥပဒေအရာရှိ ဒေါ်သန်းသန်းဆင့်က စပါးများရိတ်သိမ်းပါက လမိုင်းအတွက် မြေပြင်မှ ခြောက်လက်မချန် ရိတ်သိမ်းရန်၊ စပါးရိတ်သိမ်းပြီးလျှင် ဆောင်းသီးနှံနှင့် ဆီထွက်သီးနှံများကို လျာထားချက်အတိုင်း ပြည့်မီအောင် စိုက်ပျိုးကြရန်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်းက စံ(၅)ချက်နှင့်ပြည့်စုံသည့် စာကြည့်တိုက် အဆောက်အအုံဖြစ်ပေါ်လာစေရေး အသီးသီးဆွေးနွေး ဟောပြောကြသည်။

ရွေးချယ်သတ်မှတ်

ထို့နောက် ကြာအင်းကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြေတိုင်းစာရေး ဦးအောင်ဆန်းဦးတို့က စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာအား ရွေးချယ်သတ်မှတ်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ထန်တလန် ပြန်/ဆက်ရုံး လုပ်ငန်းဆိုင်ရာများဆွေးနွေး

ဖလမ်း အောက်တိုဘာ ၂၈

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းခင်သည် ဖလမ်းခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်လိုက်ပါလျက် အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁နာရီက ထန်တလန်မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ၂၀၀၉-၂၀၁၀ ရည်မှန်းချက်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရေး၊ အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းဖြစ်ရေး၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းများ ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို သုံးသပ်ကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

နွားထိုးကြီး၌ မိုးစပါးကေလျာထားချက်ကျော်လွန်

နွားထိုးကြီး အောက်တိုဘာ ၂၅

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုနှင့် မိုးစပါးဧက ၁၄၀၀၀ကျော် စိုက်ပျိုးရန်လျာထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃၀ရက်အထိ မိုးစပါးဧက ၁၅၀၀၀ကျော် စိုက်ပျိုးနိုင်သည်။

စိုက်ပျိုးဖြစ်ထွန်း

ထို့နောက် လျာထားချက်ကျော် စိုက်ပျိုးနိုင်ပြီး ယခုအခါ နောက်မိုးရွာသွန်း၍ မိုးစပါးများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေပြီဟု သိရသည်။ (၀၉၂)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်နီနီအောင် တာဝန်ယူဆောင်ရွက်ခဲ့သော ရွှေမြင်တင်လမ်း ကတ္တရာ ခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင် ကွင်းဆင်း ကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ပင်းတယမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်နှင့်အတူ ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အဖွဲ့ရုံးဆင်ဝင်အောက် တိုးချဲ့ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် နေပြည်တော်၌ ရောက်ရှိနေသော မလေးရှားနိုင်ငံကာကွယ်ရေးဝန်ကြီး Dato' Seri Dr. Ahmad Zahid bin Hamidi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ စစ်ဦးစီး အရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးအောင်သော်တို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato' Seri Dr. Ahmad Zahid bin Hamidi နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dato' Mazlan Muhammad၊စစ်သံမှူး Colonel Gan Seng Look နှင့် မလေးရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

တိမ်အသင့် အတင့်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး မလေးရှားနိုင်ငံကာကွယ်ရေးဝန်ကြီး **Dato' Seri Dr. Ahmad Zahid bin Hamidi** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အင်းလေးဒေသ စက်လှေများနေ့ ပြုလုပ်မည်

တောင်ကြီး နိုဝင်ဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသတွင် သွားလာဆောင်ရွက်နေသည့် စက်လှေမောင်းသမားများအား ဘဝနှင့်ယဉ်ကျေးမှုကို သိရှိနိုင်စေရန်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်ဟူသော ရည်ရွယ်ချက်ဖြင့် အင်းလေးဒေသစက်လှေများနေ့ "Inlay Region Boat's Day" ကို နိုဝင်ဘာ ၉ ရက်တွင် ဆောင်ရွက်မည်ဖြစ်သည်။ ယင်းနေ့တွင် အင်းလေးကန်အတွင်း မောင်းနှင်သွားလာသည့် မည်သည့်စက်လှေမဆို အဝါရောင်အောက်ခံတွင် စက်လှေမောင်းနှင်နေသည့်တံဆိပ် ရေးဆွဲထားသည့်အလံအား စက်လှေဦးပိုင်းတွင်တပ်ဆင်ထားပြီး စက်လှေမောင်းနှင့် အကူများအားလုံး အင်းသားရိုးရာဝတ်စုံ ဝတ်ဆင်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ *(တောင်ကြီး/ကိုယ်ပွား)*